# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ကပ်ငြိစိတ်မရှိသူ**

နိဗ္ဗာန်ကို အားကြီးစွာ လိုလားသည်ဖြစ်၍ စိတ်ဖြင့် တွေ့ထိကာ ကာမဘုံတို့၌ ကပ်ငြိစိတ်မရှိသူကို အထက် အကနိဋ္ဌာဘုံသို့ အစဉ်အတိုင်း သွားမည့်သူဟု ဆိုအပ်၏။

ပိဋကတ်(ဓမ္မပဒ - ၂၁၈)


၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၄၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယတပ်မတော်၊ အမှတ်(၃)တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး Harjeet Singh Sahi, UYSM, AVSM, YSM, SM ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အိန္ဒိယတပ်မတော်၊ အမှတ်(၃)တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး Harjeet Singh Sahi, UYSM, AVSM, YSM, SM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အိန္ဒိယတပ်မတော်၊ အမှတ်(၃) တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး Harjeet Singh Sahi, UYSM, AVSM, YSM, SM တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်စဉ်။

## ယနေ့ ဖတ်စရာ


ဈေးကွက်အတွင်း EVကားများ ပုံမှန်အရောင်းအဝယ်ရှိနေပြီး ဆီကားများ ဈေးငြိမ်ကာ အရောင်းအဝယ်အေးနေ — ပြည်တွင်းသတင်း စာ ၃

ဗလငါးတန် အခြေခံဖြင့် အနာဂတ်ဆီ ရည်မျှော်သည် — ဆောင်းပါး စာ ၉

ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များ၏ နိုင်ငံတော်ကာကွယ်ရေး ရည်မှန်းချက် — ဆောင်းပါး စာ ၁၀

ပင်လယ်နီတွင် ကုန်တင်သင်္ဘောများကို ဟူသီအဖွဲ့က တိုက်ခိုက်မှု ဂျီ - ၇ ဝန်ကြီးများ ပြစ်တင်ရှုတ်ချ — နိုင်ငံတကာသတင်း စာ ၁၃

❁ *ရှေ့ဖုံးမှ*

နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော်၊ အမှတ်(၃) တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး Harjeet Singh Sahi, UYSM, AVSM, YSM, SM နှင့်အတူ အိန္ဒိယစစ်သံမှူး ဗိုလ်မှူးကြီး Jaswinder Singh Gill နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယတပ်မတော်၊ အမှတ်(၃)တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး Harjeet Singh Sahi, UYSM, AVSM, YSM, SM ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ အိန္ဒိယတပ်မတော်၊ အမှတ်(၃) တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး Harjeet Singh Sahi, UYSM, AVSM, YSM, SM ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။

# အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

(၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အကြိမ် (၃၀) မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်နှင့် (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

ယနေ့နံနက်ပိုင်းပွဲစဉ်အဖြစ် (ခ) အဆင့်ပြိုင်ပွဲတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။





ထို့ပြင် ညနေပိုင်းတွင် (ခ) အဆင့်ပြိုင်ပွဲများ ဆက်လက်ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်း၊ ကမ်းရိုးတန်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းနှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေ၊ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဈေးကွက်အတွင်း EV ကားများ ပုံမှန်အရောင်းအဝယ်ရှိနေပြီး ဆီကားများ ဈေးငြိမ်ကာ အရောင်းအဝယ်အေးနေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ယခုရက်ပိုင်းကားဈေးကွက်တွင် EV ကားများ ပုံမှန်အရောင်းအဝယ်ရှိနေပြီး ဆီကားများ ဈေးငြိမ်ကာ အရောင်းအဝယ်အေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းမင်းမောင်က ပြောကြားသည်။

"EV ကားက တစ်လောက အရောင်းအဝယ်ဖြစ်တယ်။ ဒီရက်ပိုင်း ကုမ္ပဏီတွေ ထပ်ချပေးတယ်ဆိုပြီးတော့ တစ်ပတ်လောက်ရှိပြီ နည်းနည်းပြန်ငြိမ်သွားတယ်။ ရိုးရိုးဆီကားတွေက ဈေးလည်း နည်းနည်းလျှော့ပြီး အရောင်းအဝယ် ပြန်ဖြစ်တာ တစ်လလောက်ရှိပြီ၊ အခုလောလောဆယ်မှာ ဈေးတက်တာရပ်ပြီး အရောင်းအဝယ် နည်းသွားတယ်"ဟု ၎င်းကဆိုသည်။

"အထူးသဖြင့် SKD ထုတ် သိန်း ၁၀၀၀ အောက်ကားလေးတွေက သိန်း ၇၀ ဝန်းကျင် တက်သွားတယ်။ အခုရက်ပိုင်းအတွင်း အရောင်းအဝယ်ပြန်အေးသွားတယ်။ ဝယ်တဲ့သူနည်းပြီး ရောင်းတဲ့သူများလို့ ဈေးကွက်မှာ စောင့်ကြည့်ဆဲအဆင့်ဖြစ်နေတယ်"ဟု ၎င်းက ဆိုသည်။

ပြီးခဲ့တဲ့ရက်ပိုင်းက ဘယ်မောင်း ကျပ်သိန်း ၁၀၀၀ တန်ကားများမှာ ၁၀ ရာခိုင်နှုန်းခန့် ဈေးတက်သွားပြီး ကျပ်သိန်း ၁၀၀၀ နှင့် ၂၀၀၀ ကြား ကားများမှာ ၇ ရာခိုင်နှုန်းခန့် ဈေးတက်သွားကြောင်း ၎င်းက ဆိုသည်။ ယင်းကဲ့သို့ ကျပ်သိန်း ၁၀၀၀ မှ ၂၀၀၀ ဝန်းကျင်ကားများမှာ ဈေးတက်ခဲ့သော်လည်း ကျပ်သိန်း ၄၀၀၀ ကျော်၊ ၅၀၀၀ ကျော်မှ သိန်း ၁၀၀၀၀ ကျော် ကားများ လုံးဝဈေးမတက်ကြောင်း သိရသည်။

**MT**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားတက်ရောက်

ဟားခါး ဖေဖော်ဝါရီ ၂၁

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ဟားခါးတပ်နယ်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမူထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမူထန်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်တို့က (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား စတင်ဖွင့်လှစ်ကြောင်း ကြေညာပြီး နိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် သဘာပတိ ဦးထန်မွမ်းခိုင်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

**ထောက်ပံ့ပစ္စည်းများ ပေးအပ်**

ဆက်လက်၍ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားပြီး ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်ထူးဆောင်ဆုရရှိသူများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ မူထန်၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်နှင့် ဒုတိယဝန်ကြီး ဦးထိန်လင်းတို့က ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့က ထောက်ပံ့ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်ကြပြီး ချင်းအမျိုးသားနေ့အခမ်းအနား အစီအစဉ်ပထမပိုင်း ပြီးဆုံးသည်။

**အားပေးစကားပြောကြား**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် ချင်းပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန် က ချင်းပြည်နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်တို့က ဖြည့်စွက်ဆွေးနွေးကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ် အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။ ဆက်လက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသော ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှု အားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ပစ္စည်းများကိုလည်းကောင်း၊ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများကို စားသောက်ဖွယ်ရာများကို လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

**ပါဝင်ဆင်နွှဲ**

ထို့နောက် (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုပြီး ချင်းရိုးရာအကအဖွဲ့များက ရိုးရာအကများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် ချင်းအမျိုးသားနေ့ပွဲတော် အထိမ်းအမှတ် မီးပုံပွဲတော်အား ချင်းတိုင်းရင်းသားအကအဖွဲ့များနှင့်အတူ ပါဝင်ဆင်နွှဲကာ ချင်းအမျိုးသားနေ့ပွဲတော်ကို ပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသော ဒေသခံပြည်သူများကို အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့ဝင်များ ချင်းအမျိုးသားနေ့ပွဲတော်အထိမ်းအမှတ် မီးပုံပွဲတော်အား ချင်းတိုင်းရင်းသားအကအဖွဲ့များနှင့်အတူ ပါဝင်ဆင်နွှဲစဉ်။

# မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆွေးနွေး နိုင်ငံတည်ငြိမ်၊ ငြိမ်းချမ်းရေးအတွက် မြန်မာအစိုးရ၏ကြိုးပမ်းမှုများကို ရှင်းလင်းပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Andrey Rudenko အား ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



**ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် အထူးသဖြင့် စီးပွားရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍများအပါအဝင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ မြန်မာကျောင်းသားများအတွက် ပညာသင်ဆုပိုမိုပေးအပ်ရေးအစီအစဉ်များ တိုးမြှင့်ဖော်ဆောင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံ အစိုးရများအကြား ဆက်ဆံရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံခြင်းတို့၏ အရေးပါမှုကိုလည်း အလေးထားဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးချုပ်က နိုင်ငံတည်ငြိမ်၊ ငြိမ်းချမ်းရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းမှုများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်တွင်းဘိလပ်မြေစက်ရုံများ စက်စွမ်းအား အပြည့်အဝလည်ပတ်နိုင်ရေးညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**



နေပြည်တော် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိဘိလပ်မြေစက်ရုံများ စက်စွမ်းအား အပြည့်အဝလည်ပတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်-၁၉ ရှိ သီရိရတနာခန်းမ၌ ကျင်းပပြုလုပ်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ ဘိလပ်မြေလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုံလောက်စွာထုတ်လုပ်နိုင်ရေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဘိလပ်မြေစက်ရုံ ၁၉ ရုံ ရှိပါကြောင်း၊ ဘိလပ်မြေစက်ရုံများနှင့် ပတ်သက်၍ **နိုင်ငံအတွင်းရှိ ဘိလပ်မြေစက်ရုံများ အပြည့်အဝလည်ပတ်နိုင်ရေး လိုအပ်သည့် သွင်းအားစုများရရှိရေးနှင့် ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊** ဝန်ကြီးဌာနအနေဖြင့် ဘိလပ်မြေစက်ရုံများအတွက် ဘိလပ်မြေထုတ်လုပ်ရန်လိုအပ်သည့် အဓိကကုန်ကြမ်းများဖြစ်သည့် ထုံးကျောက်၊ ကျောက်မီးသွေး၊ ဂေါဒန်၊ သံကြွယ်ဘောက်ဆိုက်၊ မြေစေး အစရှိသည့် စက်မှုတွင်းထွက်ကုန်ကြမ်းများကို ထုတ်လုပ်မှုဆောင်ရွက်ရန် ခွင့်ပြုပေးထားကြောင်း၊ အခြား သွင်းအားစုများလည်း ဘိလပ်မြေထုတ်လုပ်ရာတွင်လိုအပ်ပါကြောင်း၊ အဆိုပါကုန်ကြမ်းများ၊ သွင်းအားစုများ၊ စက်များ ကြံ့ခိုင်ကောင်းမွန်မှသာ စက်စွမ်းအားပြည့် လည်ပတ်နိုင်မည်ဖြစ်ပြီး ပြည်တွင်းသုံးစွဲမှုအတွက် ကောင်းစွာလုံလောက်မှုရှိမည်ဖြစ်ပြီး ပြည်ပမှတင်သွင်းမှုများ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဘိလပ်မြေအရည်အသွေးစံချိန်စံညွှန်း ပြည့်မီမှုသည် အရေးကြီးပါကြောင်း၊ ထုတ်လုပ်မှုပမာဏနှင့် နည်းပညာများ တိုးတက်ရရှိအောင် ဆောင်ရွက်သွားကြရန် စက်ရုံများ၏တွေ့ကြုံနေရသည့် အခက်အခဲများ ရှိပါက တင်ပြဆွေးနွေးကြရန်နှင့် လိုအပ်ချက်များ၊ နည်းလမ်းများကို ပေါင်းစပ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက ကုန်ကြမ်းရရှိမှုနှင့် ကုန်ချောထုတ်လုပ်မှုအခြေအနေ၊ ဈေးကွက်အနေအထား၊ ကြုံတွေ့ရသောအခက်အခဲများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တာဝန်ရှိသူများ၏ ဖြည့်စွက်ဆွေးနွေးတင်ပြမှုများ အပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သုတေသနသည် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ အသက်သွေးကြောဖြစ် ဘာသာရပ်စာပေသင်ကြားရေးနှင့်အတူ သုတေသနပြုလုပ်ခြင်းကို ဆောင်ရွက်ကြရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**



ပညာရေးဒီဂရီကောလိပ် ဆရာ ဆရာမများအတွက် သုတေသနဆိုင်ရာအရည်အသွေးမြှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဒီဂရီကောလိပ်များမှ သင်တန်းသား ဆရာ ဆရာမများနှင့် ဆရာအတတ်ပညာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သင်ကြားရေးအရည်အသွေးတိုးတက်ရေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သုတေသနသည် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ အသက်သွေးကြောဖြစ်ကြောင်း၊ ဘာသာရပ်စာပေသင်ကြားရေးနှင့်အတူ သုတေသနပြုလုပ်ခြင်းကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးဒီဂရီကောလိပ်များတွင် သင်ရိုးသစ်ဖြင့်သင်ကြားလျက်ရှိရာ ဘာသာရပ်ဆိုင်ရာ သုတေသနများကို ပြုလုပ်ခြင်းဖြင့် ဆရာ ဆရာမများ၏ သင်ကြားရေး အရည်အသွေးတိုးတက်ရေးအတွက် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆရာ ဆရာမများအတွက် သုတေသနလုပ်ငန်းများ ပိုမိုလုပ်ဆောင်လာနိုင်ရေးအတွက် စာတမ်းဖတ်ပွဲအများအပြား ဖိတ်ခေါ်ကျင်းပဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သုတေသနဆောင်ရွက်ရန်အတွက် သုတေသနအသုံးစရိတ်များ၊ သုတေသနခတ်ခွဲခန်းသုံးပစ္စည်းများကို နှစ်စဉ်တိုးမြှင့်ခွင့်ပြုပေးခဲ့သည့်အပြင် သုတေသနစင်တာများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ဆရာ ဆရာမများအနေဖြင့် မှန်ကန်တိကျသည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယခုလိုစွမ်းရည်မြှင့်သင်တန်းများကို စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းမှ သုတေသနပြုလုပ်ခြင်းဆိုင်ရာ ဗဟုသုတစွမ်းရည်များကို ရရှိကြမည်ဟု မျှော်လင့်ပါကြောင်း၊ သင်တန်းတက်ရောက်ပြီးသွားသည့် ဆရာ ဆရာမများကလည်း မိမိတို့ ပညာရေးဒီဂရီကောလိပ်တွင် ဆင့်ပွားသင်တန်းများပြုလုပ်ပြီး ပညာရေးဒီဂရီကောလိပ်များရှိ ဆရာ ဆရာမများ သုတေသနဆိုင်ရာဗဟုသုတများ၊ သုတေသနစွမ်းရည်များ တိုးမြင့်စေရန် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း ပြောကြားပြီး သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

**စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် သင်တန်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက သုတေသနနည်းစနစ် (Research Methodology and R Software) ခေါင်းစဉ်ဖြင့် သင်တန်းပို့ချသည်။ အဆိုပါ ပညာရေးဒီဂရီကောလိပ် ဆရာ ဆရာမများအတွက် သုတေသနဆိုင်ရာ အရည်အသွေးမြှင့်သင်တန်းကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်ထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သန်းခေါင်စာရင်းနှင့်ပတ်သက်၍ ယခုနှစ်ဒီဇင်ဘာလအတွင်း ရွှေ့ပြောင်းလူဦးရေ စာရင်းကိုထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်





**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လက်ငင်းဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာဒေသများမှ အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

**တိကျမှန်ကန်သည့် လူဦးရေစာရင်းကိုပြုစုမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် e-ID Dtaabase ရှိစာရင်းများကို အခြေခံ၍ မဲစာရင်းပြုစုရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် လက်ရှိအသက် (၁၈)နှစ်နှင့်အထက် လူဦးရေစာရင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ခွင့်ပြုချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပထမအကြိမ်ပေးပို့ထားပြီး ဆက်လက်၍လည်း သတ်မှတ်ချက်များနှင့်အညီ အတည်ပြုပေးပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနက တာဝန်ယူ၍ ဌာနဆိုင်ရာများ၏ ပူးပေါင်းကူညီမှုဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကိုလည်း စီမံချက်များအတိုင်း ပြီးစီးအောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ သန်းခေါင်စာရင်းနှင့်ပတ်သက်၍ ယခုနှစ်ဒီဇင်ဘာလအတွင်း ရွှေ့ပြောင်းလူဦးရေစာရင်းကိုထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကောက်ယူမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းမှရရှိသည့် လူဦးရေစာရင်းနှင့် မြေပြင်ကွင်းဆင်းကောက်ယူရာမှပြုစုထားသည့် လူဦးရေစာရင်းကို နှိုင်းယှဉ်သုံးသပ်ပြီး တိကျမှန်ကန်သည့် လူဦးရေစာရင်းကို ပြုစုမည်ဖြစ်သည့်အတွက် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အောင်မြင်ရေးအတွက်လည်း ဆက်စပ်ဌာနများနှင့်ပူးပေါင်းကာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ပြည်သူ့စစ်မှုထမ်းဥပဒေ ထုတ်ပြန်ပြဋ္ဌာန်းခြင်းနှင့်ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းတာဝန်အရ ဌာနနှင့်သက်ဆိုင်သည့်လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာနည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ အဖွဲ့ဝင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**စနစ်တကျထိန်းသိမ်းကိုင်တွယ်ကြရန်**

မိမိတို့ဝန်ကြီးဌာနသည် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်များကို ကိုင်တွယ်ထိန်းသိမ်းဆောင်ရွက်ရသည့် ဌာနဖြစ်သည်နှင့်အညီ စာရွက်စာတမ်းမှတ်တမ်းမှတ်ရာများ လုံခြုံမှုရှိစေရေးအတွက် စနစ်တကျထိန်းသိမ်းကိုင်တွယ်ကြရန်နှင့် ဝန်ထမ်းအားလုံး လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန်လိုအပ်ကြောင်း၊ ယခုလုပ်ငန်းစဉ်အားလုံးသည် နိုင်ငံတော်၏အနာဂတ်အတွက် လက်ငင်းဦးစားပေးဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ဖြစ်ပြီး ဝန်ထမ်းတိုင်းက လုပ်ငန်းစဉ်များ၏ အတိမ်အနက်နှင့် အရေးပါမှု၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည့်နည်းလမ်း၊ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးမည့်အခြေအနေ စသည်တို့ကို သိရှိနားလည်ပြီး အချင်းချင်း အပြန်အလှန် လေးစားယုံကြည်ကာ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပန်းခင်းစီမံချက်နှင့် e-ID စနစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မဲစာရင်းမှန်ကန်ရေးအတွက် ဆောင်ရွက်နေမှု၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာလုပ်ငန်းအပေါ် ဌာနမှဆောင်ရွက်ပေးရမည့်အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းများဆောင်ရွက်နေမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည့်အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်တို့က လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

# မိုးလေဝသခန့်မှန်းချက်များနှင့် ကြိုတင်သတိပေးချက်များအပေါ် သိမြင်နားလည်မှုစွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းဖွင့်

## ဘေးအန္တရာယ်ပေါင်းစုံအတွက် ကြိုတင်သတိပေးစနစ်များနှင့်သတိပေးအချက်အလက်များကို လူတိုင်းရယူအသုံးချနိုင်ရေးဆောင်ရွက်





**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် မိုးလေဝသခန့်မှန်းချက်များနှင့် ကြိုတင်သတိပေးချက်များအပေါ် သိမြင်နားလည်မှု စွမ်းဆောင်ရည်မြှင့်တင်ခြင်း (Capacity Building Training for Forecast Translation) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူ အရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိကျသေချာသည့် ကြိုတင်သတိပေးချက်များသည် ဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများကို ၃၀ ရာခိုင်နှုန်းလျှော့ချပေးနိုင်သည်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (WMO)က ပြောကြားထားကြောင်း၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင် (၂၀၁၅-၂၀၃၀) အရ သဘာဝဘေးလျော့ပါးရေး လုပ်ငန်းများ၌ Global Target ခုနစ်ခု ချမှတ်ဆောင်ရွက်နေကြပြီး ၎င်းထဲမှ ဆန်ဒိုင်းမူဘောင်၏ Target G ဖြစ်သည့် Early Warning and Risk Information အရ ၂၀၃၀ ပြည့်နှစ်တွင် ဘေးအန္တရာယ်ပေါင်းစုံအတွက် ကြိုတင်သတိပေးစနစ်များနှင့် ဘေးအန္တရာယ်ဆိုင်ရာသတိပေးအချက်အလက်များ၊ အကဲဖြတ်မှုများကို လူတိုင်းရယူအသုံးချနိုင်ရေး ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ လုပ်ဆောင်သွားနိုင်ရန် ၂၀၂၂ ခုနှစ်၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနား၏ ဆောင်ပုဒ်အဖြစ် "ကြိုတင်သတိပေးထုတ်ပြန်ချက် ဆောလျင်ဆောင်ရွက် အားလုံးအတွက် - Early Warning and Early Action For All" ဟူ၍ အသိပညာပေးမြှင့်တင်မှုဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကြိုတင်သတိပေးချက်များကို ရှင်းလင်းစွာနားလည်သဘောပေါက်ပြီး လိုအပ်သောစီမံခန့်ခွဲမှုများကို လုပ်ဆောင်ခြင်းသည် ဝန်ကြီးဌာန၏ မူဝါဒလမ်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်အတွက် အထောက်အပံ့တစ်ခုလည်း ဖြစ်စေကြောင်း၊ တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများက သင်တန်းတွင်ပို့ချသည့် ဘာသာရပ်ဆိုင်ရာ အခြေခံဗဟုသုတများကို ဂရုတစိုက်လေ့လာကြရန်မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အနေဖြင့် အချိန်နှင့်တစ်ပြေးညီ သဘာဝဘေးကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်ပြန်လိုက်သည့် ကြိုတင် သတိပေးချက်များကို သဘာဝဘေးနှင့်ပတ်သက်ပြီး စီမံခန့်ခွဲသူများ၊ အမှန်တကယ်အသုံးပြုသူများက ကောင်းမွန်စွာနားလည်ပြီး ထိရောက်စွာတုံ့ပြန်နိုင်ရေးအတွက် အသုံးချနိုင်ရန် အလွန် အရေးပါသည့်အတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သင်တန်းသားအရာရှိ ၃၁ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၂ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သာပေါင်းမြို့နယ်၌ အင်းချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေး

**သာပေါင်း ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ အင်းချောင်းများအတွင်း ငါးသယံဇာတပေါများစေရေး၊ စဉ်ဆက်မပြတ်ငါးထုတ်လုပ်နိုင်ရေး၊ ပြည်သူများ ငါးရိက္ခာဖူလုံစေရေးနှင့် သားစဉ်မြေးဆက်ငါးစားသုံးနိုင်ရေး ရည်ရွယ်၍ အင်းချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဖေဖော်ဝါရီ ၂၁ ရက်က သာပေါင်းမြို့နယ် ဇီးပင်ကွင်းကျေးရွာအုပ်စု ဥတိုအဝပိုင်း အင်းရေပြင်ကျယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပုသိမ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အင်းသားကြီးများနှင့်ဒေသနေပြည်သူများ တက်ရောက်ကြပြီး အင်းရေပြင်ကျယ်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး စုစုပေါင်းကောင်ရေ ၁၅၀၀၀၀ ကောင်ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက် တပ်မတော်သားများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် အသင့်စားသုံးနိုင်သည့်စားသောက်ကုန်များ ထောက်ပံ့ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက်တပ်မတော်သားများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် အသင့်စားသုံးနိုင်သော စားသောက်ကုန်ပစ္စည်းများကို ယနေ့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့က ထောက်ပံ့ပေးအပ်ခဲ့သည်။**

## ကရင်ပြည်နယ်အစိုးရအဖွဲ့ အသင့်စားသုံးနိုင်သော ငါးပိဖာလချောင်ကြော်၊ ငါးခြောက်ကြော်၊ အသားတုကြော်ဘူးပေါင်း ၃၃၀၀ ကျော် ထောက်ပံ့

ကရင်ပြည်နယ် အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက် တပ်မတော်သားများ အတွက် အသင့်စားသုံးနိုင်သော စားသောက်ကုန်ပစ္စည်းများကို အခါအားလျော်စွာ ပို့ဆောင်ထောက်ပံ့ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ (၂)၌ ရှေ့တန်းရောက် တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက တပ်မတော်သားများသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးကို သက်စွန့်တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်ပြီး စဉ်ဆက်မပြတ်ပေးပို့လှူဒါန်းနိုင်ရေး ထပ်မံထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရှေ့တန်းစစ်မျက်နှာများတွင် တာဝန်ထမ်းဆောင် နေကြသူများ အားလုံး အန္တရာယ်ကင်းဘေးရှင်း၍ တိုက်ပွဲတစ်ရာ အောင်ပွဲတစ်ရာ ရရှိနိုင်ကြပါစေကြောင်း အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးထံ ရှေ့တန်းရောက် တပ်မတော်သားများအတွက် အသင့်စားသုံးနိုင်သောစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်စဉ်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ ရှေ့တန်းရောက်တပ်မတော်သားများအတွက် အသင့်စားသုံးနိုင်သော ငါးပိဖာလချောင်ကြော်၊ ငါးခြောက်ကြော်၊ အသားတုကြော်ဘူးပေါင်း ၃၃၀၀ ကျော်ကို အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးထံ ထောက်ပံ့ပေးအပ်ရာ ဒုတိယတိုင်းမှူးက လက်ခံရယူပြီး တိုင်းပြည်တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများ ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၁၇ ရက်တို့တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများအတွက် အသင့်စားသုံးနိုင်သော အစားအစာများပေးပို့လှူဒါန်းနိုင်ရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၏ ဇနီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ပြည်ထောင်စုရိပ်သာ၌ ငါးပိ၊ ငါးခြောက်၊ ငရုတ်၊ ကြက်သွန်၊ အသားတု အစရှိသည့် စားသောက်ကုန် ပစ္စည်းများကို ကြော်လှော်ချက်ပြုတ် ပြင်ဆင်ထုပ်ပိုးနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက သွားရောက်ကြည့်ရှု အားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ ရှေ့တန်းရောက်တပ်မတော်သားများ အတွက် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၏ဇနီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အသင့်စားသုံးနိုင်သော အစားအစာများ ကြော်လှော်ချက်ပြုတ် ပြင်ဆင်ထုပ်ပိုးနေမှုများကို ကြည့်ရှုအားပေးစဉ်။



## မွန်ပြည်နယ်အစိုးရအဖွဲ့ ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့

မွန်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်၏လုံခြုံရေးနှင့်ကာကွယ်ရေးကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိသော ရှေ့တန်းရောက် တပ်မတော်သားများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်နိုင်ရေး ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ စီစဉ်ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် က ရှေ့တန်းရောက် တပ်မတော်သားများအတွက် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိသောထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုထောက်ပံ့ပေးအပ်ရာ တိုင်းစစ်ဌာနချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လက်ခံရယူသည်။

အဆိုပါထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ရှေ့တန်းရောက်တပ်မတော်သားများ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးထံ ရှေ့တန်းရောက်တပ်မတော်သားများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ရှေ့တန်းရောက်တပ်မတော်သားများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပြင်ဆင်ထုပ်ပိုးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



ရှေ့တန်းရောက်တပ်မတော်သားများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးဆောင်ရွက်နေစဉ်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ပုသိမ်အကျဉ်းထောင်၊ ပုသိမ်မြို့ရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ စက်တော်ရာဘိုးဘွားရိပ်သာနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုသိမ်(ရုံးခွဲ)များသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများ၊ အကျဉ်းဦးစီးဌာန ပုသိမ်အကျဉ်းထောင်နှင့် ပုသိမ်မြို့ရှိ စက်တော်ရာဘိုးဘွားရိပ်သာနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုသိမ်(ရုံးခွဲ) များသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဖေဖော်ဝါရီ ၁၉ ရက်က ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ပုသိမ်မြို့ရှိ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ မိသားစုတွေ့ဆုံမှုအခြေအနေ၊ ရုံးထုတ်နေမှုအခြေအနေ၊ ရုံးထုတ်ကာလအတွင်း စားသောက်မှုအခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုအခြေအနေ၊ အချုပ်ခန်းများအတွင်း သန့်ရှင်းမှုရှိ၊ မရှိနှင့် အကျိုးဆောင်ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။



ဖေဖော်ဝါရီ ၂၀ ရက်က ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ပုသိမ်အကျဉ်းထောင်ကို ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေလုံလောက်မှု ရှိ၊ မရှိ၊ မိသားစုနှင့် တွေ့ဆုံခွင့်အခြေအနေ၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်မှုအခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ၊ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိနှင့် အိပ်ဆောင်များအတွင်း သန့်ရှင်းမှု ရှိ၊ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေး မေးမြန်းမှတ်တမ်းတင်ကြသည်။

ထို့အတူ ပုသိမ်အကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးရုံဆောင်၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း၊ အပြင်မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ပုသိမ်မြို့နယ်ရှိ စက်တော်ရာဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေ၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှုအခြေအနေ၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှုအခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သိရသည်။

သတင်းစဉ်

# ချောင်းသာကမ်းခြေအပန်းဖြေခရီးသွားရောက်ခဲ့သည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ရောဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၁ ရက်အထိ အပန်းဖြေခရီးသွားရောက်ခဲ့သည့် နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ တပ်မတော်ဆေးရုံ၊ ဆေးခန်းများ၌ တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသော တပ်မတော်သား အရာရှိ၊ စစ်သည်များသည် ယနေ့ ညနေပိုင်းတွင် မော်တော်ယာဉ်များဖြင့် ချောင်းသာကမ်းခြေမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အပန်းဖြေခရီး သွားရောက်ခဲ့ကြသည့် တပ်မတော်သားအရာရှိ၊ စစ်သည်များသည် ချောင်းသာကမ်းခြေရှိ ချောင်းသာအပန်းဖြေဧည့်ရိပ်သာမှ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာကြရာ အနောက်တောင်တိုင်းစစ် ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ရင်းရင်းနှီးနှီး နှုတ်ဆက်ပို့ဆောင်ကြပြီး ရန်ကုန်မြို့သို့ ရောက်ရှိချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူတို့က နွေးထွေးစွာကြိုဆိုခဲ့ကြသည်။



အဆိုပါ တပ်မတော်သား အရာရှိ၊ စစ်သည်များသည် အပန်းဖြေခရီးစဉ်ကာလအတွင်း ချောင်းသာကမ်းခြေ၌ လမ်းလျှောက်ခြင်း၊ ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင်၌ ဘောလုံး၊ ဘော်လီဘောနှင့် ခြင်းလုံးအားကစားများ ဆောင်ရွက်ခြင်း၊ အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ကြသည်။

ထို့အတူ ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောမဟာစေတီတော် မြတ်ကြီး၊ လောကနန္ဒာစေတီတော်နှင့် နီးဗုဒ္ဓရုပ်ရှင်တော်မြတ်အား ဖူးမြော်၍ အလှူငွေများ လှူဒါန်းခြင်း၊ ချောင်းသာမြို့ရှိ သဲဖြူကျွန်း ရေလယ်ဘုရား၊ ဆုတောင်းပြည့်ဇမ္ဗူပတိရုပ်ပွားတော်၊ ဒီပါအေးမြမဟာနဂါးရုံဘုရားနှင့် အနန္တဇိနလောကမာန်အောင် စေတီတော်မြတ်ကြီးတို့အား ဖူးမြော်ကြည်ညိုခြင်း၊ ချောင်းသာမြို့ ဒေါနတောင်တောရကျောင်းတိုက်သို့ အလှူငွေများ လှူဒါန်းခြင်း၊ ချောင်းသာမြို့၏ ဒေသအစားအစာဖြစ်သည့် သရက်တော ထိုးမုန့်လုပ်ငန်းနှင့် ရွှေသာယာမြို့မဈေး၊ ကျောက်မောင်နှမကမ်းခြေ၊ ရွှေသောင်ယံမြို့ Sea & Lake ရှိ ကျောက်စိမ်းပြတိုက်၊ သစ်သားပန်းပုပြတိုက်၊ ဒီရေတောတံတား၊ ပုသိမ်မြို့ရှိ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းသမိုင်းပြခန်း၊ ရွှေမြင်းပျံပုသိမ်ဟာလဝါလုပ်ငန်းနှင့် မြတ်ကျောင်းတော် ပုသိမ်ထီးလုပ်ငန်း စသည့် အထင်ကရနေရာများသို့လည်း သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်အောင်မြင်ရပ်ရှိ မြို့နယ်အားကစားကွင်းအတွင်း ဖေဖော်ဝါရီ ၂၀ ရက်က မီးငြိမ်းသတ်ယာဉ်နှစ်စီးဖြင့် နေအိမ်မီးလောင်မှု မီးငြိမ်းသတ်သရုပ်ပြသလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ဇော်ထိုက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ သရုပ်ပြကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပြည်သူများက ကြည့်ရှုလေ့လာကြစဉ်။ မောင်ကျော်ကြီး

# ပေါင်းတည်၌ အငြိမ်းစားဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်

**ပေါင်းတည် ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်ပြည်သူ့ဆေးရုံ၌ အငြိမ်းစားဝန်ထမ်းများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီမှစ၍ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းချစ်က ကြီးကြပ်ကာ ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားဝန်ထမ်းဟောင်းများအား ကျန်းမာရေး စမ်းသပ်စစ်ဆေးပေးခြင်း၊ လိုအပ်သည့်ဆေးဝါးများ ထောက်ပံ့ပေးခြင်းနှင့် ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်ပေးသည်။



ယခုလ၌ အငြိမ်းစားဝန်ထမ်း စုစုပေါင်း ၉၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။ **သူရကြီး(ပြန်/ဆက်)**

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ဗလငါးတန် အခြေခံဖြင့် အနာဂတ်ဆီ ရည်မျှော်သည်

**ဗလငါးတန်လို့ ဆိုလေတိုင်း လူငယ်တွေကို ဗဟိုပြုလေ့ရှိတယ်။ လူငယ်နဲ့ ဗလငါးတန် ၊ ငါးတန်သော ဗလအင်အားနဲ့ လူငယ်တွေကို ယှဉ်တွဲမြင်ကြည့်တဲ့အခါ ကာယ၊ ဉာဏ၊ ဘောဂ၊ စာရိတ္တ၊ မိတ္တအင်အားတို့နဲ့ ပြည့်စုံတဲ့ တိုင်းပြည်တိုင်းဟာ တိုးတက်ဖွံ့ဖြိုးမှုအဆင့်တစ်ခုမှာ ခိုင်ခိုင်မာမာရပ်တည်နိုင်ကြတယ် ဆိုတာ တွေ့ရပါတယ်။**

မိုးကေနိုင်



အဝေးအနီး၊ ကမ္ဘာ့မြင်ကွင်း၊ မြန်မာ့မြင်ကွင်း ဘယ်လိုကြည့်ကြည့်ပါ… ။ လက်ရှိ အခြေအနေတွေ အပေါ် အခြေခံပြီး မှန်းမျှော်ကြည့်ရင် လူ့စွမ်းအား အရင်းအမြစ် ကောင်းကောင်း၊ ညီညီညွတ်ညွတ်နဲ့ အားထည့်ရမယ့်အရာ များစွာရှိနေတယ်ဆိုတာ တွေ့ရပါတယ်။ အားလုံးစုစည်းလိုက်ရင် ဖွံ့ဖြိုး တိုးတက်ဖို့အတွက် အရင်းအမြစ် အင်အားကြီး ငါးရပ်သာ အဓိကပါပဲ။ ဖြည့်ဆည်းရမယ့်အပိုင်း၊ တိုးတက်ရမယ့်အပိုင်းများစွာ ကျန်ရှိနေပါတယ်။ ကမ္ဘာရော၊ မြန်မာမှာပါကြည့်လျှင် အတိတ်က ဒီလို အင်အားတွေ ချို့တဲ့ခဲ့လို့ လက်ရှိငါတို့ဘဝတွေ ဒီလို ဖြစ်နေရတယ်။ လက်ရှိကာလကြီးမှာ မပြုပြင် မတည်ဆောက်ဘဲ ဆက်နေသွားရင် လက်ရှိမှာလည်း အရှုံး၊ အနာဂတ်မှာလည်း အဆုံးနဲ့သာ ရင်ဆိုင်ကြ ရပါလိမ့်မယ်။

## စိတ်ခံတတ်တွေ မပြင်သရွေ့

မလုပ်တာမဟုတ်၊ လုပ်တော့လည်း လုပ်နေကြပါတယ်။ နေရာစုံ၊ ထောင့်စုံကနေ တက်တက်ကြွကြွ လုပ်နေကြပါတယ်။ အပျက်အစီး၊ အဖျက်အဆီးကြားထဲ အပြုသဘောဆောင်တဲ့ အရာတွေလည်း ရှိပါတယ်။ လုပ်နေတဲ့ကြားထဲ ထပ်ကာထပ်ကာပေါ်လာတဲ့ ဖြည့်ဆည်းစရာတွေ၊ အချိန်နဲ့အမျှပြောင်းလဲနေတဲ့ အပြောင်းအလဲတွေ၊ အရှိန်နဲ့ရွေ့နေတဲ့ အရွေ့တွေကြားထဲ အရှိန်အဟုန်နဲ့ကို တွန်းတွန်းတိုက်တိုက် လုပ်နေကြရပါတယ်။ Force တော့ ရှိပါရဲ့၊ distance ရှိမှလည်း Work ဟူသော အလုပ်က မည်မှာကိုး။ မပြည့်သေးရင် ဖြည့်ရမယ့်တာဝန်၊ မရွေ့သေးရင် ရွေ့ရမယ့်တာဝန်ကား များစွာရှိနေဆဲပါ။

ပြောင်းတယ်ဆိုရာမှာ အဓိကအရေးကြီးဆုံးက အကျင့်တွေ ပြောင်းဖို့ကို ပိုပြီး ဦးစားပေးစေချင်တယ်။ အာဃာတအမုန်းနဲ့ သူတစ်လူ၊ ငါတစ်မင်း တိုက်ချင်ခိုက်ချင်တဲ့ စိတ်၊ မနာလိုဝန်တို၊ ပြောသမျှယုံ၊ အစွန်းမလွတ်၊ အတ္တကြီးတဲ့စိတ်တွေ များစွာပြင်ရဦးမှာပါ။ ပျက်စီးရာပျက်စီးကြောင်းတွေမှာ စိတ်ခံတတ် (mind set ) ပျက်စီးတာက ပိုဆိုးပါတယ်၊ စိတ်ခံတတ် မကောင်းရင် ခံယူချက်လည်းပျက်၊ နယ်ပယ်အသီးသီးမှာ ပျက်စီးသွားပါတယ်။ အဖွဲ့အစည်းတွေမှာ တာဝန်ယူ၊ တာဝန်ခံမှုတွေ လျော့လာလို့ သိပ်ဆိုးရွားလာရင် အချင်းချင်း နားလည်မှု ယုံကြည်မှုပါ လျော့ကျပြီး ခေါင်းဆောင်မှုနဲ့ စည်းလုံး ညီညွတ်မှုကိုပါ ထိခိုက်လာတတ်ပါတယ်။ နောက်ဆုံး လူအချင်းချင်း လူသားဝါဒပါကင်းမဲ့လာပြီး တိုက်ခိုက်သတ်ဖြတ်ခြင်းနဲ့သာ ဦးတည်ရာမဲ့လာကြတော့တယ်။ ဒါကြောင့် အရာရာစိတ်ကသာ ရှေ့ဆောင်မှုတည်တာဖြစ်တဲ့အတွက် စိတ်ခံတတ်တွေကို အရင်ပြောင်းသင့်တယ်လို့ယူဆခြင်း ဖြစ်ပါတယ်၊ စိတ်ခံတတ်မပြောင်းဘဲနဲ့တော့ အိတ်ပေါက်နဲ့ ဖားကောက်ဆိုသလို ဖြစ်နေမှာပါပဲ။

## နိုင်ငံအနေနဲ့လည်း ဤဗလငါးတန်ကိုသာ

လူ့အဖွဲ့အစည်းတစ်ခုအတွင်း ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ ဖွံ့ဖြိုးရေးကို ရယူလိုက ပညာအခြေခံတဲ့ အထက်ပါအင်အားငါးရပ်ကို ပီပီပြင်ပြင် ထိထိရောက်ရောက် မတည်ဆောက်ဘဲနဲ့ လုံးဝမဖြစ်နိုင်ပါဘူး။ ကာယ၊ ဉာဏ၊ ဘောဂ ၊ စာရိတ္တ ၊ မိတ္တ ထိုအင်အားငါးရပ်ဟာ တစ်ခုနဲ့တစ်ခု အမှီသဟဲ အထောက်အပံ့ပြု အညမည ဖြစ်နေကြသလို ထိုသို့ဖြစ်မှလည်း ဒီအင်အားတွေဟာ အတူတကွ ဖွံ့ဖြိုးတိုးတက်ပြီး သဟဇာတဖြစ်လာမှာပါ။

ကာယဗလဆိုရာမှာ လူငယ်တွေအတွက်တော့ ကျန်းမာခြင်းလာဘ်တစ်ပါး၊ နိုင်ငံအတွက်တော့ အရည်အသွေးပြည့်တဲ့လူ့စွမ်းအားမှသည် ခိုင်မာတောင့်တင်းတဲ့ ကာကွယ်ရေးအင်အားဖြစ်လာသည် အထိ ယနေ့ခေတ်မှာ အရေးကြီးပါတယ်။

ဉာဏဗလဆိုရာမှာ ပညာတတ်လူငယ်တွေကို အခြေခံပြီး စဉ်းစားဉာဏ်နဲ့ ဆင်ခြင်ပိုင်းခြားတွေးခေါ်တတ်တဲ့၊ နိုင်ငံသားများ နေထိုင်တဲ့ လူ့အဖွဲ့အစည်းမျိုး၊ ထိုသို့သော နိုင်ငံသားများကသာ နိုင်ငံကို ရေရှည်ဦးဆောင်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံရဲ့ခနအင်အားဖြစ်တဲ့ ငွေကြေး၊ သယံဇာတ၊ လုပ်အားစတဲ့ စီးပွားအရင်းအမြစ်တွေ အားကောင်းဖွံ့ဖြိုးမှုဟာ ပြည်သူတစ်ဦးချင်းရဲ့ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ အောင်မြင်မှုရစေမယ့် အခွင့်အလမ်းများနဲ့လည်း ဆက်စပ်နေပါတယ်။

ရိုးသားဖြောင့်မတ်၊ ဝီရိယရှေ့ထားပြီး အတ္တ၊ ပရ မျှမျှတတနဲ့ ကျင့်ဝတ်နဲ့ညီတဲ့ လူငယ်များကို ပြုစုပျိုးထောင်နိုင်တာနဲ့အမျှ ဒီလိုစိတ်ခံတတ်တွေနဲ့ တည်ထားတဲ့နိုင်ငံဟာ ဘယ်တော့မှ အပျက်ဘက်ကို ရောက်နိုင်စရာမရှိပါဘူး။ ပညာကြောင့် မိတ်ဆွေအပေါင်းအသင်း ရွေးချယ်ပေါင်းတတ်လာပါမယ်၊ ဘယ်သူက မိတ်ဆွေတု၊ ဘယ်သူက မိတ်ဆွေစစ် ကွဲပြားလာပြီး နိုင်ငံတစ်နိုင်ငံအနေနဲ့ဆိုရင်လည်း ယုံကြည်စိတ်ချရတဲ့ မိတ်ဖက်နိုင်ငံများရဲ့ ဝန်းရံခြံရံမှုကို ရရှိလာနိုင်မှာဖြစ်ကာ ကမ္ဘာ့အလယ်မှာ ထည်ဝါတင့်တယ်လာမှာ ဖြစ်ပါတယ်။

## ဉာဏဗလ အရင်းခံ၍

အခက်အခဲများ၊ ဖိအားများ၊ စိန်ခေါ်မှုများစွာနဲ့ အဘက်ဘက်မှာ အားနည်းချက်တွေရှိနေပေမယ့် ယနေ့ခေတ်မှာ သမိုင်းကြောင်းကောင်းအောင်၊ သမိုင်းကောင်း ရေးခွင့်ရသူတွေ နိုင်ငံမှာ အများကြီးရှိနေပါတယ်။ စိတ်ပျက်အားလျော့စရာ မရှိသလို နောက်ကျခြင်းလည်းမရှိပါဘူး။ အထူးသဖြင့် လူငယ်တွေပါ၊ နောင်တတွေ၊ သင်ခန်းစာတွေကို အကျိုးရှိအောင်အသုံးချတတ်ရင် အသုံးတည့်ပါတယ်။ ပုံပြင်ဆန်ဆန် သံဝေဂယူစရာတွေကြားထဲက ယိုင်တဲ့နေရာပြန်တည့်၊ ကျနေတဲ့အားအင်တွေ ပြန်တက်လာအောင် အပြင်းအထန် ကြိုးစားရမယ့်အချိန်လည်းဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံရဲ့သမိုင်းကြောင်းကိုတော့ နားလည်ထားဖို့ လိုပါတယ်။ စာများများဖတ်ပြီး သုံးသပ်နိုင်စွမ်းကသာ အမှားကို အရင်းခံတဲ့၊ အပြုသဘောမဆန်တဲ့ စိတ်ခံစားမှုများကို လျှော့ချပေးနိုင်မှာဖြစ်ပြီး ယနေ့ပကတိ အခြေအနေမှန်ကိုလည်း အနီးစပ်ဆုံး ပုံဖော်လာနိုင်မှာဖြစ်ပါတယ်။

ရှေးဘုရင်များခေတ်မှစပြီး ခေတ်အဆက်ဆက် နိုင်ငံသမိုင်း၊ ဘာသာသာသနာနဲ့ တပ်မတော်သမိုင်းများကို သိခွင့်လည်းရ၊ သိအောင်လည်းလေ့လာနေမှသာ… နိုင်ငံသားတွေမှာ ဇာတိသွေး ဇာတိမာန်တွေ မြင့်တက်လာပါမယ်၊ နိုင်ငံနဲ့လူမျိုးကို ချစ်တဲ့စိတ် မြန်မာဆိုတဲ့အမည်နဲ့ ဘာသာသာသနာကိုချစ်မြတ်နိုးတဲ့စိတ်တွေ တဖွားဖွား ပေါ်လာပါမယ်။ သမိုင်းကျေတဲ့အတွက် အတိတ်နဲ့ပစ္စုပ္ပန် ပြည်တွင်းနဲ့ပြည်ပ ပယောဂများကို ချိတ်ဆက်ပြီး ဆက်စပ်သိမြင်လာပါမယ်၊ နိုင်ငံသမိုင်းကို ကမ္ဘာ့သမိုင်းနဲ့ပါ ယှဉ်တွဲသိလာပြီး အမြော်အမြင်ရှိရှိနဲ့ အနာဂတ်အမြင်ကိုပါ ဖော်ထုတ်တတ်လာမယ်၊ ကိုယ်ကျိုးအတ္တများတဲ့ ခံယူချက်ကနေ အများအတွက်ဆိုတဲ့ခံယူချက်ဆီကို ပြောင်းလဲလာမယ်ဆိုတာ ပြောရဲပါတယ်။

ညံ့တဲ့ခေါင်းဆောင်တွေကြောင့် ညံ့တဲ့ခေတ်တွေ ရှိခဲ့သလို တော်တဲ့ကောင်းတဲ့ ခေါင်းဆောင်တွေ ခေတ်မှာ နိုင်ငံတိုးတက်ခဲ့တာကို ခွဲခြားမြင်နိုင်စွမ်း ရှိလာပါလိမ့်မယ်။ ခေါင်းဆောင်ကောင်းနဲ့ စည်းလုံး ညီညွတ်မှုဟာ ခေတ်အဆက်ဆက်မှာ အရေးကြီးကြောင်း သမိုင်းသာဓကများစွာ ရှိခဲ့ပြီးလည်း ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဟာ အနာဂတ် မျိုးဆက်အတွက် ဘယ်လောက်အရေးကြီးကြောင်း မိမိကိုယ်တိုင် သိလာရတဲ့အခါ ယနေ့ခေတ်ခေါင်းဆောင်တွေ အနေနဲ့ အားလုံးပါဝင်တဲ့ ညီညွတ်မှုတစ်ခုခုကို ဘာကြောင့် မရရအောင် တည်ဆောက်နေကြရသလဲ ဆိုတဲ့အသိ သိမြင်စွမ်းအားများလည်း မြင့်မားလာပါလိမ့်မယ်။

## ပညာအသိနဲ့ ခိုင်မာတဲ့ စာရိတ္တအခြေခိုင်ရင်

ကမ္ဘာ့သမိုင်းကိုကြည့်ရင် နိုင်ငံသားတွေလည်း ညံ့၊ ခေါင်းဆောင်တွေလည်း ညံ့တဲ့ တိုင်းပြည်တွေဟာ ဆုတ်ယုတ်ပျက်စီးမှု မြန်ဆန်ကြောင်း တွေ့ရပါတယ်။ လေ့လာတဲ့အခါ အင်အားဖရိုဖရဲနဲ့ ဆင်းရဲတဲ့ နိုင်ငံငယ်တွေအပေါ် ပြင်ပအင်အားကြီးတွေရဲ့ ဘေးပယောဂကြောင့်လည်း ပါပါတယ်။ တဖြည်းဖြည်း ဆုတ်ယုတ်အားနည်းလာပြီး၊ အားနည်းရာကနေ ကျဆုံး၊ နောက်ဆုံးအလုံးစုံပြိုလဲအဆင့်တွေအထိ ရောက်သွားတဲ့ ဒီမိုကရေစီနဲ့လစ်ဘရယ် မရင့်ကျက်သေးတဲ့နိုင်ငံများရဲ့ဥပမာများစွာကို သင်ခန်းစာယူစေချင်ပါတယ်။ တစ်ခုနဲ့ တစ်ခု ဆက်စပ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်စီမံမှုနယ်မြေများ အရေး၊ ရာဇဝတ်မှုခင်း၊ မူးယစ်၊ လက်နက် စတဲ့ အရေးကိစ္စတွေကို ဗလငါးတန် အခြေခံတဲ့ အမျိုးသားရေး အားမာန်များက တစ်ဆင့်သာ ရှောင်ရှား တိုက်ဖျက်ရပါမယ်။

ဒီမိုကရေစီဆိုတဲ့အယူအဆဟာ ဉာဏနဲ့စိတ္တဗလကိုမှ အခြေမခံရင် အလုပ်မဖြစ်ပါဘူး။ မြင့်မားတဲ့ ပညာအသိနဲ့ ခိုင်မာတဲ့စာရိတ္တကြောင့်သာ စည်းမဲ့ဘောင်မဲ့မဖြစ်၊ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းအချို့ကို ယနေ့မြင်တွေ့ခွင့်ရတာ ဖြစ်ပါတယ်။ ပညာနဲ့ စိတ်ခံတတ် ချို့တဲ့ခြင်းမှတစ်ဆင့် တာဝန်ယူမှုမရှိတဲ့ လွတ်လပ်ခွင့်၊ တလွဲအယူစွဲတွေကြောင့်လည်း ဒီမိုကရေစီဟာ အကျည်းတန်နေရခြင်းဖြစ်ကြောင်းကို ယနေ့အချိန်မှာ သင်ခန်းစာကျေညက်သင့်ကြပြီလို့ ယူဆပါတယ်။

## ငါ ဆိုတဲ့ တစ်ဦးချင်း အခွင့်အရေးမှာ ရပ်တည်ခဲ့ကြလို့

ကျွန်တော်တို့ကိုယ်တိုင် တစ်ဦးချင်းအခွင့်အရေးကို ဦးစားပေးရမယ်ဆိုတဲ့ အမြင်ကြီးကို လက်ခံမိခဲ့ပါသလား… ပြန်စဉ်းစားကြည့်မိပါတယ်။ လက်ခံပုံမတူကြတဲ့အပြင် အသုံးချပုံတွေမှာပါ ကွဲပြားခဲ့ကြသည်ကို မေ့လျော့ခဲ့ကြပြီး လုံးဝမသိတာထက် ခပ်တိမ်တိမ်အသိက ပိုဆိုးကြောင်း ဝန်ခံပါတယ်။ တစ်ဦးချင်းလွတ်လပ်ခွင့်ကို အခွင့်အရေးနဲ့ ယှဉ်ပြီး မကောင်းတဲ့နေရာမှာ မကောင်းတဲ့သူတွေက အသုံးချဖြစ်တဲ့အထိ ကံဆိုးမိုးမှောင်ကျသွားတဲ့ အခါ ယခုလိုအချိန်မှာ လူ့အသက်ပေါင်းများစွာနဲ့ ဆုံးရှုံးပျက်စီးမှု အရာအားလုံးအတွက် လိပ်ပြာမသန့်ခဲ့ပါဘူး။

စာမျက်နှာ ၁၁ သို့

❖ **စာများများ ဖတ်ပြီး သုံးသပ်နိုင်စွမ်းကသာ အမှားကို အရင်းခံတဲ့၊ အပြုသဘော မဆန်တဲ့ စိတ်ခံစားမှုများကို လျှော့ချပေးနိုင်မှာဖြစ်ပြီး ယနေ့ပကတိ အခြေအနေမှန်ကိုလည်း အနီးစပ်ဆုံးပုံဖော်လာနိုင်မှာ**

❖ **ငြိမ်းချမ်းရေးဟာ အနာဂတ်မျိုးဆက်အတွက် ဘယ်လောက်အရေးကြီးကြောင်း မိမိကိုယ်တိုင် သိလာရတဲ့အခါ ယနေ့ခေတ်ခေါင်းဆောင်တွေ အနေနဲ့ အားလုံး ပါဝင်တဲ့ ညီညွတ်မှုတစ်ခုခုကို ဘာကြောင့် မရရအောင် တည်ဆောက်နေကြရသလဲ ဆိုတဲ့အသိ သိမြင်စွမ်းအားများလည်း မြင့်မားလာပါလိမ့်မယ်**

# ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များ၏ နိုင်ငံတော်ကာကွယ်ရေး ရည်မှန်းချက်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အာဏာတည်သည့်နေ့အဖြစ် သတ်မှတ်ကြေညာလိုက်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်အဖွဲ့အစည်းများက ပြည်သူလူထုအတွင်း အထင်မှား၊ အမြင်မှားအောင် မမှန်မကန် သွေးထိုးလှုံ့ဆော်လျက်ရှိသည်။**

ဇာနည်ဘွား

- ❂ **တပ်မတော်၏ဖခင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "ဗိုလ်သင်တန်းကျောင်းသားများသည် စစ်ပညာကို ပိုင်ပိုင်နိုင်နိုင် သင်ယူကြရမည်။ တောင့်တင်းခိုင်မာသော ကိုယ်ပိုင်စစ်တပ်မရှိဘဲ တိုင်းပြည်လွတ်လပ်ရေး ရနိုင်မည်မဟုတ်။ ရနိုင်သော်လည်း ထိုလွတ်လပ်ရေးကို ထိန်းသိမ်းနိုင်မည်မဟုတ်။ ထို့ကြောင့် ဇွဲ၊ စွမ်းရည်၊ တိုင်းပြည်၊ လူမျိုးနှင့် တပ်မတော်ကိုချစ်သည့် စိတ်ဓာတ်လိုသည်။ ထိုအချက်မှအပ အခြားကိစ္စများကို အာရုံတိမ်းညွတ်ခြင်းမရှိဘဲ ကျောင်း၏ ပြင်ပလောက၌လည်း မည်သည့်နေရာတွင် မည်သို့ပင်ရှိစေ၊ မည်သို့ပင်ပြောပြော အရေးစိုက်ရန် မဟုတ်ကြောင်း" ပြောကြား**
- ❖ **နိုင်ငံ့ခေါင်းဆောင်အဆက်ဆက်သည် ကမ္ဘာပေါ်ရှိ လွတ်လပ်သည့် နိုင်ငံများနည်းတူ မိမိတို့နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် မိမိတို့နိုင်ငံ၏ အခြေအနေနှင့် လိုက်လျောညီထွေရှိမည့် ကာကွယ်ရေးရည်မှန်းချက်များ၊ အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြ**

သို့ရာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေသည် ယခုချက်ချင်းစတင်ပြဋ္ဌာန်းလိုက်သည့် ဥပဒေမဟုတ်ပေ။ ၁၉၅၉ ခုနှစ်ကတည်းက ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြန်လည်ပြင်ဆင်သတ်မှတ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် ဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များသည်လည်း လွတ်လပ်ရေးကြိုးပမ်းမှု ကာလကတည်းကပင် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဟု အလေးအနက် ခံယူခဲ့ကြသည်။

တပ်မတော်၏ဖခင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း ၁၉၄၃ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်သည့် ဂျပန်ခေတ် မင်္ဂလာဒုံဗိုလ်သင်တန်း ပထမအပတ်သင်တန်းဖွင့်ပွဲအခမ်းအနားတွင် "ဗိုလ်သင်တန်းကျောင်းသားများသည် စစ်ပညာကို ပိုင်ပိုင်နိုင်နိုင် သင်ယူကြရမည်။ တောင့်တင်းခိုင်မာသော ကိုယ်ပိုင်စစ်တပ်မရှိဘဲ တိုင်းပြည်လွတ်လပ်ရေးရနိုင်မည်မဟုတ်။ ရနိုင်သော်လည်း ထိုလွတ်လပ်ရေးကို ထိန်းသိမ်းနိုင်မည်မဟုတ်။ ထို့ကြောင့် ဇွဲ၊ စွမ်းရည်၊ တိုင်းပြည်၊ လူမျိုးနှင့် တပ်မတော်ကိုချစ်သည့် စိတ်ဓာတ်လိုသည်။ ထိုအချက်မှအပ အခြားကိစ္စများကို အာရုံတိမ်းညွတ်ခြင်းမရှိဘဲ ကျောင်း၏ပြင်ပလောက၌လည်း မည်သည့်နေရာတွင် မည်သို့ပင်ရှိစေ၊ မည်သို့ပင်ပြောပြော အရေးစိုက်ရန်မဟုတ်ကြောင်း" ပြောကြားခဲ့သည်။

တစ်ဖန် တပ်မတော်၏ဖခင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက အနာဂတ်နိုင်ငံတော်ကာကွယ်ရေးရည်မှန်းချက်နှင့် ပတ်သက်၍ မကွယ်လွန်မီ ရက်သတ္တပတ် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက် နံနက်က ရန်ကုန်မြို့ မြို့တော်ခန်းမမှတစ်ဆင့် လူထုပရိသတ်ကြီးကို ဟောကြားခဲ့သော မိန့်ခွန်းတွင် "အခု ကျွန်တော်တို့မှာရှိတဲ့ စစ်တပ် မြန်မာပြည်မှာ ဆူတာပူတာကိုနှိမ်ဖို့လောက်တော့ လုံလောက်တယ်။ သို့သော်လည်း တိုင်းပြည်ကာကွယ်ဖို့ဘက်မှာ ကျွန်တော်တို့စစ်တပ်တွေနဲ့မလုံလောက်သေးဘူး။ ကုန်းတပ်ဆိုတဲ့စစ်တပ်ဟာ ဘာမှမဖြစ်လောက်သေးဘူး။ သံချပ်ကာကားတပ်ဆိုတာ မရှိသေးဘူး။ ဒီတပ်မျိုးဟာ အခုလိုဖြစ်တဲ့စစ်ကြီးမျိုးမှာဆိုရင် တော်တော်တန်တန်ကြီးမားတဲ့ ရန်သူက လက်နက်ကောင်းကောင်းနဲ့တိုက်လိုက်တယ်ဆိုရင် နာရီပိုင်းအတွင်းမှာ ရင်ဆိုင်တိုက်လိုက်ရင် ပြုတ်မယ်။ ကျွန်တော်တို့မှာရှိတာက ရေတပ်ဆိုတာက ဗန်းပြရေတပ်ပဲရှိသေးတယ်။ တကယ့်တကယ်ဘာမှ တိုင်းပြည်ကိုမကာကွယ်နိုင်သေးဘူး။

လေတပ်ဆိုတာက အခုမှစတုန်းရှိသေးတယ်။ လေတပ်ဆိုလို့ရှိရင် ဒီတိုင်းပြည်မျိုးမှာရှိတဲ့ လေတပ်မျိုးမှာ အဖျင်းဆုံး လေယာဉ်ပျံငါးရာရှိရမယ်။ အနည်းဆုံး စစ်ဖြစ်ဖြစ်ချင်း လေယာဉ်ပျံငါးရာလောက်ရှိမှဖြစ်မယ်။ ဒါတောင်မှလုံလောက်တယ်လို့ မပြောနိုင်ဘူး။ ကျွန်တော်တို့တိုင်းပြည်ဟာ စစ်စတိုက်တဲ့အချိန်အခါမှာ လူတစ်သန်းလောက် စစ်တပ်အင်အားရှိမှကောင်းမယ်။ အခုရှိနေတဲ့ စစ်တပ်ဟာ နှစ်သောင်းလောက်ပဲရှိတယ်။ နှစ်သောင်းလောက်ဆိုတာ(Army)ကိုပြောတာ။ (Navy) ရေတပ် မပါဘူး။ (Air Force) လေတပ်မပါဘူး" စသည်ဖြင့် ပြောကြားခဲ့သည်။

### မြန်မာပြည်ကာကွယ်ဖို့ရာ မြန်မာတွေရဲ့အဓိကတာဝန်

တစ်ဆက်တည်းမှာပင် ဗိုလ်ချုပ်က "မြန်မာပြည် လွတ်လပ်ရေးရတဲ့အခါမှာ မြန်မာပြည်ကာကွယ်ဖို့ရာ မြန်မာတွေရဲ့အဓိကတာဝန်ဖြစ်လာမယ်။ ဟိုတုန်းကလို အေးအေးဆေးဆေး မဖြစ်တော့ဘူး။ တိုင်းပြည်ကာကွယ်ဖို့ မြန်မာပြည်မှာ စစ်သားတွေ လိုလာမယ်။ အဲဒီအခါ မြန်မာတိုင်း အရွယ်ရောက်သူတိုင်း၊ ကျန်းမာရေးနှင့် ပြည့်စုံသူတိုင်း စစ်မှုထမ်းဖို့လုပ်ရမယ်။ ခင်ဗျားတို့တိုက်ချင်တိုက်။ မတိုက်ချင်လည်း တိုက်ရမယ်။ ဒါမှလွတ်လပ်ရေးတာဝန်ကျေမယ်"ဟူ၍ ပြောကြားသွားခဲ့သည်။

ဗိုလ်ချုပ်ကြီးနေဝင်းကလည်း "၁၉၄၈ ခုနှစ်၊ ၁၉၄၉ ခုနှစ်ပိုင်းမှာဆိုလို့ရှိရင် ဒို့မှာ စဖွဲ့ကတည်းကိုက တပ်ရင်းဆယ်ရင်းနဲ့။ အဲဒီအတွက်သာ ဒို့မှာ လက်နက်ရှိတယ်။ နည်းနည်းပါးပါးပဲရှိတယ်။ ရေတပ်၊ လေတပ်ဆိုတာဟာ လေယာဉ်ပျံက တိုက်ဂါးမောက် (Tigermouth)နဲ့ ချစ်မန်ခ် (Chipmuck)တို့ ဒီလောက်ပဲရှိတယ်။ ရေတပ်မှာလည်းပဲ 'မေယု' တစ်စင်းတော့ရှိတာပေါ့လေ။ ကြီးကြီးထဲက။ ကျန်တာတွေကတော့ အမ်အယ် (ML) ရှစ်စင်းလား၊ ဆယ်စင်းလား ဒါပဲရှိတယ်။ ရေတပ်တို့ လေတပ်တို့ဆိုတာကတော့ ဒို့မှာတိုးဖို့ငွေလည်း မရှိ၊ ရှိတာနဲ့ပဲ တိုက်ကြတယ်" စသည်ဖြင့် ၁၉၆၈ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော တပ်မတော်တပ်မှူးများညီလာခံတွင် သတိတရ ပြောကြားခဲ့သည်။

> **"တစ်ဆက်တည်းမှာပင် ဗိုလ်ချုပ်က "မြန်မာပြည် လွတ်လပ်ရေးရတဲ့အခါမှာ မြန်မာပြည်ကာကွယ်ဖို့ရာ မြန်မာတွေရဲ့ အဓိကတာဝန်ဖြစ်လာမယ်။ ဟိုတုန်းကလို အေးအေးဆေးဆေးမဖြစ်တော့ဘူး။ တိုင်းပြည်ကာကွယ်ဖို့ မြန်မာပြည်မှာ စစ်သားတွေ လိုလာမယ်။ အဲဒီအခါ မြန်မာတိုင်း အရွယ်ရောက်သူတိုင်း၊ ကျန်းမာရေးနှင့် ပြည့်စုံသူတိုင်း စစ်မှုထမ်းဖို့လုပ်ရမယ်။ ခင်ဗျားတို့ တိုက်ချင်တိုက်။ မတိုက်ချင်လည်း တိုက်ရမယ်။ ဒါမှ လွတ်လပ်ရေးတာဝန်ကျေမယ်"ဟူ၍ ပြောကြားသွားခဲ့**

### ပြည်သူ့တပ်မတော် ပေါက်ဖွားလာရခြင်း၏ အကြောင်းရင်းကို လေးလေးနက်နက်မိန့်ကြား

၁၉၆၉ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပခဲ့သော တပ်မတော်တပ်မှူးများ ညီလာခံတွင်လည်း ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက "ဒို့တပ်မတော်ဟာ ကိုယ့်အကျိုးအတွက်၊ ကိုယ်ကြီးပွားဖို့အတွက် တစ်ယောက်ချင်းကြီးပွားဖို့၊ သို့မဟုတ် တပ်မတော်တစ်ခုလုံးသာလျှင် ကြီးပွားဖို့အတွက် ပေါ်ပေါက်လာတဲ့တပ်မဟုတ်ဘူး။ မိမိတို့တာဝန်ဖြစ်တဲ့ တိုင်းပြည်တိုင်း၊ လွတ်လပ်ရေးဆုံးရှုံးနေတဲ့ တိုင်းပြည်တိုင်းရဲ့ တာဝန်ဖြစ်တဲ့ လွတ်လပ်ရေးကို ပြန်ရအောင်တိုက်ဖို့လို့၊ တိုက်ရမယ့်တာဝန်ကို သိတဲ့အတွက် လက်နက်ကိုင်ပြီးတိုက်ရာကနေပြီးတော့ ပေါက်ဖွားလာတဲ့တပ်မတော်ဖြစ်တယ်ဆိုတာကို မမေ့အပ်ဘူး"ဟူ၍ ပြည်သူ့တပ်မတော် ပေါက်ဖွားလာရခြင်း၏ အရင်းခံအကြောင်းရင်းများကို လေးလေးနက်နက်မိန့်ကြားခဲ့လေသည်။

တပ်မတော်သည် ပြည်သူကြားမှပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော်ဖြစ်သည်နှင့်အညီ တပ်မတော်နှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက "ရဲဘော်တွေဟာ ပြည်သူ့အတွက်သာဖြစ်စေရမည်၊ တိုင်းပြည်သည် ရဲဘော်တွေအတွက်မဖြစ်စေရ" ဟူ၍ လည်းကောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်းကလည်း "ငါတို့တွေဟာ ကြေးစားစစ်တပ်မဟုတ်ဘူး၊ ပြည်သူတွေထဲက ပေါက်ဖွားလာပြီးတော့ ပြည်သူတွေကို အလုပ်အကျွေးပြုရလိမ့်မယ်"ဟူ၍ လည်းကောင်း လမ်းညွှန်မှာကြားလေ့ရှိသည်။

၁၉၆၉ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပသော တပ်မတော်တပ်မှူးများညီလာခံ၌ပင် ထိုစဉ်က ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးချုပ်စန်းယုက "တပ်မတော် ကြည်း၊ ရေ၊ လေ ဟာ အရည်အချင်းမှာရော၊ အရေအတွက်မှာပါ အမြဲပြည့်ဝတောင့်တင်းခိုင်မာ နေပျိုနေအောင် တည်ဆောက်ပြီး ဘယ်အဖျက်ရန်သူမျိုးကိုမဆို ရင်ဆိုင်နိုင်ရေးအတွက် အသင့်ဖြစ်နေဖို့ပဲ ဖြစ်ပါတယ်။

နိုင်ငံတော်ကာကွယ်ရေးအတွက် ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတစ်ဝန်းရှိနေတဲ့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် လုပ်သားပြည်သူတစ်ရပ်လုံးနဲ့ချီပြီးတော့ အစီအစဉ် ရှိရှိ စနစ်ကျကျ ဆောင်ရွက်နိုင်မှသာ အောင်မြင်မှုကိုရနိုင်ပါမယ်။ ဒါကိုသဘောပေါက်ရင် လုပ်သားပြည်သူတစ်ရပ်လုံးကိုလည်း နိုင်ငံကာကွယ်ရေးနဲ့ပတ်သက်တဲ့ စုစည်းမှု၊ စည်းရုံးမှု၊ ဖွဲ့စည်းပေးမှု၊ လေ့ကျင့်ပေးမှုစတဲ့ ကိစ္စရပ်တွေကို ကြိုတင်ပြင်ဆင်ထားပေးဖို့လိုကြောင်း ထင်ရှားလာပါတယ်။ ဒါမှလည်း ကိုယ်လိုအပ်တဲ့အချိန်မှာ တစ်တိုင်းပြည်လုံးမှာ ကာကွယ်ရေးအင်အားစုကြီးအဖြစ် အသင့်အနေအထားမှာ အံဝင်ခွင်ကျ ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်"ဟူ၍ ပြည်သူ့တပ်မတော်၏ ပြည်သူ့စစ်မဟာဗျူဟာအခင်းအကျင်းနှင့် လက္ခဏာကို ညွှန်ပြခဲ့ပါသည်။

ဤသို့ဖြင့် နိုင်ငံ့ခေါင်းဆောင်အဆက်ဆက်သည် ကမ္ဘာပေါ်ရှိ လွတ်လပ်သည့် နိုင်ငံများနည်းတူ မိမိတို့နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် မိမိတို့နိုင်ငံ၏ အခြေအနေနှင့် လိုက်လျောညီထွေရှိမည့် ကာကွယ်ရေးရည်မှန်းချက်များ၊ အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါသည်။

တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်ခုခု၏သမိုင်းသည် ထိုတိုင်းပြည်၊ ထိုနိုင်ငံ၏ တပ်မတော်သမိုင်းပင်ဖြစ်သည်။ ယင်းတိုင်းပြည်၊ ယင်းနိုင်ငံ၏ မူလအရင်းခံအင်အားသည် လက်နက်ကိုင်တပ်မတော်ပင်ဖြစ်လေသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သမိုင်းနှင့် တပ်မတော်၏သမိုင်းသည် ထပ်တူထပ်မျှဖြစ်လေသည်။

တပ်မတော်၏သမိုင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မတ်လ ၂၇ ရက်တွင်ကျင်းပခဲ့သော (၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် "ယနေ့မြန်မာ့တပ်မတော်ရဲ့အမြုတေတပ်မတော်အဖြစ်စတင်ခဲ့တဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)ဟာ ၁၉၄၂ ခုနှစ်မှာ ဗမာ့ကာကွယ်ရေးတပ်မတော်(BDA)၊ ၁၉၄၃ ခုနှစ်မှာ ဗမာ့အမျိုးသားတပ်မတော်(BNA)၊ ၁၉၄၅ ခုနှစ် ဇူလိုင်လမှာ မျိုးချစ်ဗမာ့ တပ်မတော်(PBF) နဲ့ စက်တင်ဘာလမှာ ဗမာ့တပ်မတော်(Burma Army)အဖြစ် အဆင့်ဆင့်

*စာမျက်နှာ ၁၁ သို့*

## စည်းလုံးညီလို့ ချေမှုန်းစို့

❖ မြန်မာတွေ စည်းကမ်းဖောက်လို့
ထီးနန်းပျောက်ခဲ့ ဖူးလေသည်။
❖ ယခုအချိန် ပြန်ငဲ့ကြည့်
အရှေ့က ဖ လို ဖ
အနောက်က အိ လို အိ နဲ့
ကျန်သည့် အလယ်မှာ ရှည်ကြာမနစ်စေဖို့
နှစ်ဖက်အလယ်မှာ ဂုဏ်ဝါမညစ်စေဖို့
နှံ့နစ်မခံ ဝန်းရံစိတ်ထား
ကျွန်ဖြစ်မခံ တွန်းလှန်စိတ်များ
ပေါက်ဖွားဖြစ်တည်။
❖ ထီးမကျိုး စည်မပေါက်ရအောင်
တည်ဆောက်မြှင့်တင် ကာကွယ်မည်
ဘာမထိ သာကီဖွား။
❖ မတစ်ထောင် တစ်ကောင်ဘွားပါတဲ့
ယောကျ်ားဘသား မြန်မာများတို့
အများထုညီ တိုင်းပြည်အရေးမို့
တရားမှုတည် ဝိုင်းညီအတွေးနဲ့
မနေးကာကွယ် ရန်ချေမှုန်း
စည်းလုံးစို့လား။ ။

**မောင်မန်းညို**

## မြို့နယ်များ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ အသိပညာပေး

**တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိမြို့နယ်များမှ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိသဘောပေါက်နားလည်စေရန်နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန်အတွက် ဟောပြောပွဲများ ကျင်းပနေမှုကို စုစည်းဖော်ပြအပ်ပါသည်-**

### မင်းလှ

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ဆွေးနွေးပွဲကို ထန်းကိုင်းကျေးရွာဘုန်းကြီးကျောင်း၌ ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်ဥပဒေအရာရှိဦးအောင်သူမြင့်တို့က ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းစနစ်ကျင့်သုံးရသည့် အကြောင်းအရင်းများ၊ ပြည်သူ့စစ်မှုထမ်းတို့၏ အကျိုးခံစားခွင့်များ၊ စစ်မှုထမ်းရမည့်အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ စသည်တို့အား ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ကျေးရွာနေပြည်သူများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။ **ဇာဇာ(အထက်မင်းလှ)**

### စစ်ကိုင်း

စစ်ကိုင်းမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တပ်နယ်မှူး ဗိုလ်မှူးကြီး စိုးဦးဟန်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးနိုင်မျိုးဟိန်းနှင့် ခရိုင်ဥပဒေအရာရှိဦးထွန်းလင်းတို့က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးသည်။ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်သည်။ **ဇော်မြင့်နိုင်**





### ဘားအံ

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ဇွဲကပင်ခန်းမ၌ ကျင်းပရာ ဘားအံခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အမှာစကားပြောကြားပြီး ဘားအံခရိုင်ဥပဒေရုံးမှ ဒုတိယခရိုင်ဥပဒေအရာရှိက ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်ခြင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် တက်ရောက်လာသော ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များက မေးမြန်းဆွေးနွေးရာ ဘားအံခရိုင် ဥပဒေအရာရှိက ပြန်လည်ဖြေကြားသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

*စာမျက်နှာ ၉ မှ*

**အသိအမြင်တွေကို ယနေ့လူငယ်တွေ နားလည်အောင် မျှဝေဖို့**

ကျွန်တော်တို့အားလုံး ရင့်ကျက်မှုတစ်ခုအထိ ရောက်ဖို့ မစောင့်နိုင်ခဲ့ကြဘူး။ ငါ့လူမျိုး၊ ငါ့ဒေသ၊ ငါ့အရင်းအမြစ် စတဲ့ ငါဆိုတဲ့ တစ်ဦးတစ်ယောက်အခွင့်အရေးမှာသာ ရပ်တည်ခဲ့ကြလို့ လူတွေအားလုံးနဲ့ဖွဲ့စည်းထားတဲ့ လူ့အဖွဲ့အစည်း၊ လူမျိုးစု အားလုံးနဲ့ ဖွဲ့စည်းထားတဲ့ တိုင်းရင်းသားထုကြီး၊ အစဉ်အလာ ပထဝီဒေသအနှံ့ တည်ဆောက်ထားတဲ့ ပြည်ထောင်စုကြီး မပြိုကွဲအောင် ယနေ့အချိန်မှာ အပြင်းအထန် ကြိုးစားနေရပါတယ်။ ယနေ့အခြေအနေများက အတ္တဘက်ပိုရောက်နေတဲ့ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း အခွင့်အရေးကို ဦးစားပေးနေခြင်းများကြောင့်ဆိုတာ ယနေ့လူငယ်တွေ မြင်တတ်ရင်ကို ကျေနပ်စရာကောင်းနေပါပြီ။ ဘာပဲဖြစ်ဖြစ် အချိန်မီပါသေးတယ်။ အဓိကအရေးကြီးဆုံးက ပြည်ထောင်စုကြီးနှင့် အမျိုးဘာသာ၊ သာသနာအတွက်ဆိုတဲ့ အသိအမြင်တွေကို အနာဂတ်ကို ထုဆစ်မယ့် ယနေ့လူငယ်တွေ ကျယ်ကျယ်ပြန့်ပြန့်လက်ခံလာအောင်နဲ့ နားလည်သဘောပေါက်အောင် အမြန်မျှဝေဖြန့်ကြက်ဖို့ပါပဲ။

အချုပ်တင်ပြချက်အနေနဲ့တော့ ယခုအချိန်မှာ ဦးစားပေးက ကျွန်တော်တို့ ကိုယ်တိုင်က စိတ်ဓာတ်တွေ၊ ခံယူချက်တွေ ပြုပြင်ကြဖို့ဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်၊ ဒေသတစ်ခု၊ လူတစ်စု အခွင့်အရေးထက် အားလုံးရဲ့စုစည်းညီညွတ်အားဖြင့် ပညာအခြေခံ ခိုင်မာအားကောင်းတဲ့ လူ့အဖွဲ့အစည်းကြီးဖြစ်ဖို့က အဓိက အခရာဖြစ်နေပါပြီ။

- နိုင်ငံသားတစ်ဦးချင်းစီရဲ့ ဗလငါးတန်မှတစ်ဆင့် ကျွန်တော်တို့နိုင်ငံတော်ကြီးရဲ့ အရင်းအမြစ်အင်အားကို စုစုစည်းစည်းနဲ့ ခိုင်မာအောင်တည်ဆောက်ပြီး နိုင်ငံရဲ့ နယ်နိမိတ်နဲ့ အချုပ်အခြာအာဏာကို အကောင်းဆုံးထိန်းချုပ်နိုင်အောင် ကြိုးစားကြပါစို့။
- ပြည်တွင်း ပြည်ပအန္တရာယ်များနဲ့ ရန်သူနည်းနိုင်သမျှနည်းအောင် ကြိုးစားပြီး ပြည်ထောင်စုကြီး အစွန့်ရှည်အောင် အစွမ်းကုန်ကြိုးစားအားထုတ်ကြပါစို့။
- အမျိုးသားရေးအားမာန်နဲ့ အမျိုးဘာသာ သာသနာတာဝန်ကို ကျေပွန်စွာထမ်းရွက်ကြပါစို့...ဟူ၍သာ အလေးထားတင်ပြလိုက်ရပါသည်။ ။

---

*စာမျက်နှာ ၁၀ မှ*

အမည်ပြောင်းလဲဖွဲ့စည်းခဲ့တယ်။ ပြောင်းလဲဖွဲ့စည်းခဲ့တဲ့ မျိုးချစ်ဗမာ့တပ်မတော်ဟာဆိုရင်လည်း ပြည်သူလူထုနဲ့လက်တွဲပြီး ဖက်ဆစ်ဂျပန်တို့ကို တိုက်ထုတ်နိုင်ခဲ့တယ်။ ဒါကြောင့် တို့တပ်မတော်ဟာ ဘယ်လိုပင်အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းသော်လည်း ပြည်သူလူထုနဲ့လက်တွဲပြီး တိုင်းတစ်ပါးစိုးမိုးမှုအောက်မှ မြန်မာနိုင်ငံကို လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ပေးခဲ့တဲ့အတွက် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ သန္ဓေတည်ပေါက်ဖွားလာခဲ့တဲ့ တပ်မတော်ဖြစ်တယ်”ဟူ၍ ပြောကြားခဲ့သည်။

မြန်မာ့သမိုင်းတွင် လက်နက်ကိုင်တပ်မတော်အင်အားတောင့်တင်းလျှင် မြန်မာနိုင်ငံသည်လည်း အင်အားတောင့်တင်းသည်။ ခိုင်မြဲသည်။ ဖွံ့ဖြိုးသည်။ နိုင်ငံတကာ၏ လေးစားမှုကိုခံခဲ့ရသည်။ တပ်မတော်အင်အားချို့တဲ့လျှင် ပြည်ထောင်စုလည်း ချို့တဲ့သည်။ ဆုတ်ယုတ်သည်။ တိုင်းတစ်ပါး၏ စော်ကားခြင်း၊ ကျူးကျော်ခြင်းကို ခံခဲ့ရသည်။

ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အနာဂတ်နိုင်ငံတော်ကာကွယ်ရေး ရည်မှန်းချက်နှင့် ပတ်သက်၍ “အင်အားကြီးနိုင်ငံများရဲ့အားပြိုင်မှုများမှတစ်ဆင့် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိတဲ့ ပဋိပက္ခများဟာ ‘တောင်လဲရာမြက်ပြတ်’ ဆိုတဲ့စကားပုံအတိုင်း နိုင်ငံငယ်များအပေါ် သက်ရောက်မှုများဖြစ်ပေါ်လာနိုင်တဲ့အတွက် နိုင်ငံတကာရေးရာများကို မျက်ခြည်မပြတ်လေ့လာပြီး ကိုယ့်နိုင်ငံရှင်သန်ရပ်တည်နိုင်ဖို့ ကြိုတင်ပြင်ဆင်မှုများ အမြဲလုပ်ဆောင်နေရမှာဖြစ်တယ်။ တို့နိုင်ငံအနေနဲ့လည်း ကာကွယ်ရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် တပ်မတော်ကို သမားရိုးကျစစ်ပွဲဆင်နွှဲနိုင်ပြီး တိုက်စွမ်းရည်နဲ့ တိုက်စွမ်းအားရှိတဲ့ ခေတ်မီတပ်မတော် (Standard Army) အဖြစ် ရည်မှန်းချက်ထား ဖွဲ့စည်းတည်ဆောက်လျက်ရှိတယ်။ အနာဂတ်တပ်မတော်ကို Standard Army အဖြစ် တည်ဆောက်ရာမှာ တပ်များကို ခေတ်နဲ့အညီ ကိုက်ညီအောင်လုပ်ဆောင်လျက်ရှိတယ်”ဟု ပြောကြားခဲ့သည်။

တစ်ဆက်တည်းမှာပင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “စည်းလုံးညီညွတ်ခြင်းဟာ အင်အားကို ဖြစ်စေတယ်။ ဒါကြောင့် တပ်မတော်အင်အားတောင့်တင်းခိုင်မာမှုရှိရေးအတွက် တပ်တွင်းစည်းလုံးညီညွတ်ရမှာဖြစ်သလို နိုင်ငံ့အင်အားတောင့်တင်းခိုင်မာမှုရှိရေးအတွက် တပ်မတော်နဲ့ ပြည်သူ စည်းလုံးညီညွတ်နေဖို့ တိုင်းရင်းသားပြည်သူများရဲ့ သားသမီးများဖြစ်တဲ့ ရဲဘော်တို့ဟာ တပ်ပြင်စည်းရုံးရေးကိုလည်း အလေးထားလုပ်ဆောင်ကြရမယ်။ ‘ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်’ ဆိုတဲ့အတိုင်း ပြည်သူလူထုရဲ့ တစ်ခဲနက်ပူးပေါင်းပါဝင်မှုသာ ခိုင်မာမယ်။

ကမ္ဘာ့နိုင်ငံအသီးသီးဟာ နိုင်ငံရဲ့ပထဝီအနေအထား၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့စတဲ့ အကြောင်းအချက်အလက်တွေအပေါ် မူတည်ပြီး မိမိနိုင်ငံနဲ့ သင့်လျော်တဲ့ နိုင်ငံရေးစနစ်တစ်ခု ချမှတ်လျှောက်လှမ်းနေကြတာပဲဖြစ်တယ်။ မည်သည့်နိုင်ငံရေးစနစ်ကို လျှောက်လှမ်းသည်ဖြစ်စေ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိမှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှာပဲဖြစ်တယ်။ ဒီမိုကရေစီဆိုတာ ပြည်သူတစ်ရပ်လုံး အကြားအလပ်မရှိ ပါဝင်ဖော်ဆောင်ရခြင်းဖြစ်တာကြောင့် ကဏ္ဍအသီးသီးမှာ တည်ငြိမ်အေးချမ်းမှုအရေးကြီးပြီး ဒီလိုဆောင်ရွက်ဖို့အတွက် ကြိုးပမ်းရာမှာ နိုင်ငံသူ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကြဖို့ လိုအပ်မှာပဲဖြစ်တယ်”ဟူ၍ ပြောကြားခဲ့ပါသည်။

သို့ဖြင့် နိုင်ငံသားများအနေဖြင့် တိုင်းပြည်မြင့်လျှင် တပ်မတော်တင့်သည်၊ တပ်မတော် တင့်လျှင် တိုင်းပြည်မြင့်သည်၊ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်၊ တပ်မတော်ပြိုကွဲလျှင် တိုင်းပြည်ပြိုကွဲမည်ဆိုသည်ကို အလေးအနက်ခံယူပြီး ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များ၏ နိုင်ငံတော်ကာကွယ်ရေးရည်မှန်းချက်များနှင့်အညီ ပြည်သူ့စစ်မှုထမ်းဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# လူငယ်များ စာတတ်ရုံ၊ အတန်းအောင်ရုံသာမက လေ့လာဖတ်ရှုမှုဖြင့် ဗဟုသုတကြွယ်ဝပြီး အသိပညာတိုးတက်အောင် ကြိုးစားဆောင်ရွက် အသိဉာဏ်ပညာတိုးတက်မြင့်မားမှသာ မိမိတို့ဘဝ အောင်မြင်မှုရရှိနိုင်သလို နိုင်ငံနှင့် ပြည်သူကိုလည်း ပိုမိုအကျိုးပြုနိုင်မည်ဖြစ်






**စစ်ကိုင်း ဖေဖော်ဝါရီ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ မွန်းလွဲပိုင်းက စစ်ကိုင်းမြို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ (ယာပုံ) နိုင်ငံတော်တည်ငြိမ်ရေး၊ ဝန်ထမ်းရေးရာနှင့် ဗလငါးတန် ဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြားပြီး တက္ကသိုလ် စာကြည့်တိုက်နှင့် ပြတိုက်တို့ကို ကြည့်ရှုလေ့လာသည်။ တွေ့ဆုံဆွေးနွေးပွဲသို့ ဆရာ ဆရာမများနှင့် ဝန်ထမ်း ၁၄၄ ဦး၊ ကျောင်းသား ကျောင်းသူ ၁၃၇၄ ဦး စုစုပေါင်း ၁၅၁၈ ဦး တက်ရောက်ကြသည်။

ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဝန်ထမ်းရေးရာနှင့် ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေးတို့ကို ဆွေးနွေးမှာကြားရာ ဆရာ ဆရာမများ၊ ဝန်ထမ်း ၁၅၀ နှင့် ကျောင်းသား ကျောင်းသူ ၁၁၉၃ ဦးတို့ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ် ဆောင်ရွက်ခဲ့မှုအပေါ် အကြမ်းဖက် သောင်းကျန်းသူ အဖွဲ့အစည်းများနှင့် ပြည်ဖျက်မီဒီယာများက အဆိုးမြင်ဝါဒဖြင့် ထုတ်လွှင့်ဖော်ပြနေမှုများအပေါ် သုံးသပ်စဉ်းစားရန် လိုအပ်ကြောင်း၊ နိုင်ငံအချို့တွင် ပြည်သူ့စစ်မှုထမ်းဥပဒေများ ထုတ်ပြန်ဆောင်ရွက်နေကြပါကြောင်း၊ သတ်မှတ်ကာလ အပိုင်းအခြားအလိုက် လိုအပ်သလောက်သာ ခေါ်ယူပြီး ပြည်သူလူထုအား ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လတ်တလောတွင် အမျိုးသမီးများအား စစ်မှုထမ်းရန် ခေါ်ယူရန် အစီအစဉ်မရှိသေးကြောင်း မှာကြားသည်။

ထို့နောက် လူငယ်များ ဗလငါးတန်ပြည့်ဝရန် လိုကြောင်း၊ စာတတ်ရုံ၊ အတန်းအောင်ရုံသာမက လေ့လာဖတ်ရှုမှုဖြင့် ဗဟုသုတကြွယ်ဝပြီး အသိပညာတိုးတက်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အတတ်ပညာ သာမကအသိဉာဏ်ပညာတိုးတက်မြင့်မားမှသာ မိမိတို့ဘဝ အောင်မြင်မှုရရှိနိုင်သလို နိုင်ငံနှင့်ပြည်သူကိုလည်း ပိုမိုအကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိဘဝ၊ မိမိ မိသားစု၊ မိမိဒေသ၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဗလငါးတန် ပြည့်ဝရှင်သန်ရေးမှာ အရေးကြီးကြောင်း၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတိုင်းရင်းသားလူငယ်များကို အသိပညာ အတတ်ပညာ ပြည့်ဝစေရန်နှင့် ပညာသင်ကြားပြီးပါက မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန်အတွက် ဖွင့်လှစ်ထားသည့် တက္ကသိုလ်၊ ကောလိပ်များဖြစ်၍ နိုင်ငံတော်က အလေးထားကြောင်း၊ ရည်မှန်းချက်များအတိုင်း ဖြစ်စေရန် မျှော်လင့်ကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီးသည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးကောလိပ်တို့ရှိ စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ လှူဒါန်းပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့သည့် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားပစ္စည်းများကို ပေးအပ်ခဲ့သည်။

ယနေ့ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ စာကြည့်တိုက် လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စာအုပ်များ လာရောက်ဖတ်ရှုသူများကို တွေ့ဆုံအားပေးသည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဝက်လက်မြို့နယ်၊ ထီးချိုင့်မြို့နယ်၊ မြောင်မြို့နယ်၊ မြင်းမူမြို့နယ်တို့မှ ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ စစ်ကိုင်း ဇုန် နယ်မှူးနှင့် စက်ရုံမှူး၊ ကောလင်း၊ ထီးချိုင့်၊ မိုးမိတ်တို့မှ စက်ရုံမှူးတို့အား တွေ့ဆုံ၍ ဝန်ထမ်းရေးရာနှင့် လုပ်ငန်းဆိုင်ရာများ၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ဂရုပြုရေးတို့ကို မှာကြားခဲ့သည်။

သတင်းစဉ်

## လယ်ယာကဏ္ဍစာရင်းအင်းအရည်အသွေး ပြည့်ဝမှန်ကန်ရေးနှင့် လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနက ကြီးမှူးကာ လယ်ယာကဏ္ဍ စာရင်းအင်းပြည့်ဝမှန်ကန်ရေးနှင့် လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး တက်ရောက်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် မြေအသုံးချမှုဆိုင်ရာစာရင်းများ ကောက်ယူပြုစုရာတွင် လက်စွဲဥပဒေပြဋ္ဌာန်းချက်များ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအပေါ် အခြေခံဆောင်ရွက်နိုင်ရန်နှင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များတည်ဆဲဥပဒေအပါအဝင် ပြဋ္ဌာန်းချက်များနှင့်အညီ စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးရာတွင် လိုက်နာရမည့်လုပ်ငန်းစဉ် လုပ်ထုံးလုပ်နည်းများကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။



အောင်မြင့်(ပြန်/ဆက်)

## မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်နှင့် သက်ကြီးတန်းပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဝါသနာရှင်အဆင့်ပြိုင်ပွဲ တတိယနေ့နှင့် သက်ကြီးတန်းပြိုင်ပွဲ ပထမနေ့ကို ဖေဖော်ဝါရီ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ကျင်းပသည်။



**တတိယနေ့အပြီး ရပ်တည်မှု**

ဝါသနာရှင်အဆင့်ပြိုင်ပွဲ တတိယနေ့အပြီးတွင် ဇော်ဇော်ထွန်းက သုံးရက်ပေါင်းရိုက်ချက် ၂၂၂ ချက်ဖြင့် ပထမ၊ ဟိန်းနိုင်ဇင်က သုံးရက်ပေါင်းရိုက်ချက် ၂၂၅ ချက်ဖြင့် ဒုတိယနေရာတွင်လည်းကောင်း၊ ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲ ပထမနေ့အပြီးတွင် ပြုံးပြုံးထွေးက နှစ်ရက်ပေါင်းရိုက်ချက် ၁၅၉ ချက်ဖြင့် ပထမ၊ ချိုသာအောင်က နှစ်ရက်ပေါင်းရိုက်ချက် ၁၆၀ ဖြင့် ဒုတိယ၊ ခိုင်ဇင်အောင်က နှစ်ရက်ပေါင်းရိုက်ချက် ၁၆၆ ချက်ဖြင့် တတိယနေရာတို့တွင်လည်းကောင်း၊ သက်ကြီးတန်း ဝါသနာရှင်အဆင့် (အသက် ၅၅ နှစ်နှင့်အထက်) ပြိုင်ပွဲတွင် ဦးဝင်းမြင့်ချင်းက ၇၈ ချက်ဖြင့် ပထမ၊ ဦးကြီးမြင့်နှင့် ဦးကိုကိုအေးတို့က ၇၉ ချက်စီဖြင့် ဒုတိယနေရာတို့တွင်လည်းကောင်း ရပ်တည်လျက်ရှိသည်။

ပြိုင်ပွဲနောက်ဆုံးနေ့နှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ကိုညီလေး**

ဓာတ်ပုံ – MGF

## မြင်းခြံ၌ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီထုပ်ပိုးခြင်း၊ လုပ်ငန်းလမ်းညွှန်နှင့် ဆန်းစစ်ပုံများအား အသိပေးရှင်းလင်း

**မြင်းခြံ ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်း၊ ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာ အမိန့်ပါပြဋ္ဌာန်းချက်များ၊ လုပ်ငန်းလမ်းညွှန်နှင့် ဆန်းစစ်ပုံများ အသိပေးရှင်းလင်းခြင်းအခမ်းအနားကို ယမန်နေ့နံနက်က အမှတ် (၂) ရပ်ကွက်ရှိ ခရိုင်ပြည်သူ့ကျန်းမာရေးရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က အမှာစကား ပြောကြားပြီး ဒုတိယခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇင်မာသန်းထွန်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ၊ စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်း၊ ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာ အမိန့်ပါပြဋ္ဌာန်းချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်နှင့် ဆန်းစစ်ပုံစံများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများက သိရှိလိုသည်များအား ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ပျော်ဘွယ်မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် စာစစ်ဌာနများနှင့် စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးနှင့်အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂၁ ရက်က လိုက်လံကြည့်ရှုစစ်ဆေးပြီး အသိပညာပေးဆောင်ရွက်စဉ်။ မင်းမင်းထွေး(ပျော်ဘွယ်)

# ဟားမားစ်တို့၏ အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်ကို ငြင်းဆိုကြောင်း နေတန်ယာဟု ထပ်မံပြောကြား

ဂါဇာ ဖေဖော်ဝါရီ ၂၁

**ဂါဇာကမ်းမြောင်ဒေသတွင် အမြဲတမ်း အပစ်အခတ်ရပ်စဲရေးအတွက် ဟားမားစ်တို့၏အဆိုပြုချက်ကို လက်မခံကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ၎င်း၏ရပ်တည်ချက်ကို ထပ်လောင်းပြောကြားခဲ့သည်။**



အစ္စရေးအတွက် အပြည့်အဝ အောင်မြင်မှုများ မရသေးမီ စစ်ပွဲရပ်တန့်ရန် အစ္စရေးကိုပြည်တွင်း ပြည်ပမှ ဖိအားများပေးနေကြောင်း ၎င်းကပြောသည်။ အစ္စရေးတို့အနေဖြင့် ဟားမားစ်တို့ ဖမ်းဆီးထားသည့် ဓားစာခံများ ပြန်လည်လွတ်မြောက်လာရေးအတွက် အလွန်လိုလားကြောင်း၊ သို့သော်လည်း ဟားမားစ်တို့ တောင်းဆိုချက်အတိုင်း ဖြစ်ပေါ်လာမည့် လှည့်စားခြင်း ရလဒ်များကို ရင်ဆိုင်ရန်အတွက် နိုင်ငံမှာ အသင့်မဖြစ်သေးကြောင်း ၎င်းက ဆက်ပြောသည်။

ဟားမားစ်အဖွဲ့သည် အခြားနိုင်ငံများ၏ စေ့စပ်ညှိနှိုင်းပေးမှုဖြင့် အပြည့်အဝ အပစ်အခတ်ရပ်စဲရေးအတွက် တောင်းဆိုလျက်ရှိသည်။ စေ့စပ်ညှိနှိုင်းမှုများ ရပ်တန့်နေသည့်အတွက် အစ္စရေးပြည်သူများက နေတန်ယာဟုနှင့်ပတ်သက်၍ မကျေနပ်မှုများ ထုတ်ဖော်ပြောကြားလျက်ရှိသည်။

ဖမ်းဆီးခံထားရသူများ၏ မိသားစုဝင်များသည် ၎င်းတို့ချစ်ခင်ရသူများ ပြန်လည်လွတ်မြောက်လာရေးအတွက် စုဝေးတောင်းဆိုလျက်ရှိသည်။ ထိုအချိန်တွင်ဂါဇာဒေသ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းမှာလည်း အစ္စရေးတို့၏ ပြင်းထန်သည့် ထိုးစစ်ကြောင့် ပို၍ဆိုးရွားလာကြောင်း၊ ကလေး ၄၀ မှ ၅၀ ရာခိုင်နှုန်းမှာ ကူးစက်ရောဂါများ ခံစားနေရကြောင်း ရာဖာမြို့ရှိ ဆရာဝန်တစ်ဦးက ပြောသည်။ ရာဖာမြို့၌ ဂါဇာရှိ အခြားသော နယ်မြေဒေသများမှ ပြောင်းရွှေ့လာသူများ အပါအဝင် လူပေါင်း ၁ ဒသမ ၅သန်းနီးပါး နေထိုင်လျက်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ပင်လယ်နီတွင် ကုန်တင်သင်္ဘောများကို ဟူသီအဖွဲ့က တိုက်ခိုက်မှု ဂျီ - ၇ ဝန်ကြီးများ ပြစ်တင်ရှုတ်ချ

**တိုကျို ဖေဖော်ဝါရီ ၂၁**



ဂျီ - ၇ အဖွဲ့ဝင်နိုင်ငံများမှ သယ်ယူပို့ဆောင်ရေး ဝန်ကြီးများသည် ပင်လယ်နီတွင် ဟူသီအဖွဲ့က ကုန်တင်သင်္ဘောများကို တိုက်ခိုက်မှုများအပေါ် ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ ဝန်ကြီးများသည် အွန်လိုင်း အထူးအစည်းအဝေးတစ်ခုပြုလုပ်ပြီးနောက် ကမ္ဘာလုံးဆိုင်ရာ ရေကြောင်းသွားလာမှု ကာကွယ်ရေးနှင့် ပတ်သက်ပြီး ကြေညာချက် တစ်စောင်ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ယီမင်နိုင်ငံရှိ ဟူသီသူပုန်များ၏ တိုက်ခိုက်မှုသည် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ရာရောက်ကြောင်းနှင့် ရေကြောင်းသွားလာပိုင်ခွင့်ကို ခြိမ်းခြောက်ရာရောက်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် ပင်လယ်နီမှ သင်္ဘောများကို လမ်းကြောင်းပြောင်းခြင်းမှာ ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ရေးကွင်းဆက်များကို အနှောင့်အယှက်ဖြစ်စေပြီး ကုန်ကျစရိတ်များကို မြင့်တက်စေကြောင်းလည်း အဆိုပါထုတ်ပြန်ချက်တွင် ထောက်ပြထားသည်။

ထို့အပြင် ယင်းကဲ့သို့ လမ်းကြောင်းပြောင်းခြင်းက သင်္ဘောများမှ ဖန်လုံအိမ် ဓာတ်ငွေ့ ထုတ်လွှတ်မှု မြင့်တက်စေဖွယ်ရှိကြောင်းနှင့် ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းချုပ်ဟန့်တားရန် ကြိုးပမ်းမှုများကိုလည်း ထိခိုက်စေနိုင်ဖွယ်ရှိကြောင်း အဆိုပါ ဝန်ကြီးများက ပြောသည်။

အဆိုပါ ထုတ်ပြန်ချက်၌ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် ဟူသီက ဂျပန်နိုင်ငံ၏ NYK Line ကုမ္ပဏီမှ ပြေးဆွဲသော သင်္ဘောနှင့် ၎င်းသင်္ဘော၏ အမှုထမ်းများကို ပြန်လွှတ်ပေးရန်အတွက်လည်း တောင်းဆိုထားသည်။ ဂျပန်သင်္ဘော ကုမ္ပဏီကြီးများသည် ပင်လယ်နီတစ်ဝိုက်တွင် လုပ်ငန်းလည်ပတ်မှုများကို ဖျက်သိမ်းထားပြီဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်တွင် H5N1 ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသူ ငါးဦးအထိရှိလာ

**ဖနောင်ပင် ဖေဖော်ဝါရီ ၂၁**

ကမ္ဘောဒီးယားနိုင်ငံ အနောက်တောင်ပိုင်း ကမ်ပေါ့ပြည်နယ်မှ အသက် ၁၇ နှစ်အရွယ် မိန်းကလေးတစ်ဦးတွင် H5N1 ကြက်ငှက်တုပ်ကွေးရောဂါ တွေ့ရှိခဲ့မှုကြောင့် လက်ရှိအချိန်အထိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ငါးဦးအထိ တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၁ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ပြည်သူ့ကျန်းမာရေးဆိုင်ရာ အမျိုးသားအင်စတီကျု၏ ဓာတ်ခွဲစမ်းသပ်မှုရလဒ်များအရ မိန်းကလေးတွင် H5N1 ဗိုင်းရပ်စ်တွေ့ရှိခြင်းဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။ လူနာမှာ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းနွမ်းနယ်ခြင်းနှင့် အသက်ရှူရခက်ခဲခြင်းတို့ ရှိကြောင်း၊ လက်ရှိတွင် ဆရာဝန်များ၏ အထူးကြပ်မတ်ကုသမှု ခံယူပြီးနောက် ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်ပြောသည်။

ကျန်းမာရေးအာဏာပိုင်များက ရောဂါကူးစက်မှု၏ ရင်းမြစ်ကို ရှာဖွေဖော်ထုတ်နေကြောင်း၊ ရောဂါဖြစ်ပွားမှုကို တားဆီးရန်ရောဂါဖြစ်ပွားသူနှင့် ထိတွေ့သူ သို့မဟုတ် သံသယရှိသူများကို စုံစမ်း စစ်ဆေးနေကြောင်း ဝန်ကြီးဌာနက ပြောသည်။ ယခုနှစ်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသူမှာ ကလေးငယ် လေးဦးအပါအဝင် စုစုပေါင်း ငါးဦးရှိကြောင်း၊ ရောဂါဖြစ်ပွားသူ ငါးဦးမှာ ၎င်းတို့ ဖျားနာမှုမတိုင်မီတွင် နာမကျန်းသော ကြက်များ သို့မဟုတ် သေဆုံးသော ကြက်များနှင့် ထိတွေ့မှုရှိသည့် ရာဇဝင်များရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သုံးဦးသေဆုံး

**ဂျကာတာ ဖေဖော်ဝါရီ ၂၁**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မြောက်မာလူကူ ပြည်နယ်၌ ရဟတ်ယာဉ်ပျက်ကျခဲ့ပြီး သုံးဦး သေဆုံးခဲ့ကြောင်း ပြည်နယ်ရှာဖွေကယ်ဆယ်ရေးရုံး အကြီးအကဲ ဖာတာရာမန်က ဖေဖော်ဝါရီ ၂၁ ရက်က ပြောကြားလိုက်သည်။

PT Weda Bay Nickel ကုမ္ပဏီက တပ်ဆင်ထုတ်လုပ်သော ရဟတ်ယာဉ်ကို ဟယ်မာဟီးရားတန်ဂါ သီးခြားအုပ်ချုပ်ခွင့်ရ ဒေသရှိ တောအုပ်ထဲ၌ ရှာဖွေကယ်ဆယ်ရေး သမားများက ဖေဖော်ဝါရီ ၂၁ ရက်က တွေ့ရှိခဲ့ကြောင်း ရာမန်က ပြောကြားခဲ့သည်။ ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူ သုံးဦးစလုံး သေဆုံးခဲ့ကြောင်း ၎င်းက ဆင်ဟွာသို့ ပြောကြားခဲ့သည်။ သေဆုံးသူများမှာ လေယာဉ်မှူး၊ တွဲဖက်လေယာဉ်မှူးနှင့် ခရီးသည်တစ်ဦးတို့ဖြစ်ကြသည်။

Bell 429PK-WSW အမျိုးအစား ရဟတ်ယာဉ်သည် ဖေဖော်ဝါရီ၂၀ရက်ဒေသစံတော်ချိန် ညနေ ၁ နာရီ ၁၆ မိနစ်ခန့်က သီးခြားအုပ်ချုပ်ခွင့်ရဒေသရှိ တောအုပ်ပေါ်တွင် ပျံသန်းနေစဉ် အဆက်အသွယ် ပြတ်တောက်ခဲ့သည်။ ရဟတ်ယာဉ် ပျက်ကျရသည့် အကြောင်းရင်းကို ယခုလတ်တလောတွင် မဆုံးဖြတ်နိုင်သေးကြောင်း ရာမန်က ပြောကြားလိုက်သည်။



သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဘေးကင်းလုံခြုံရေး ကော်မတီသည် အဆိုပါရဟတ်ယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးသွားမည် ဖြစ်ကြောင်း ရာမန်က ဆက်လက်ပြောကြားသည်။ ပျောက်ဆုံးရဟတ်ယာဉ် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းတွင် ကယ်ဆယ်ရှာဖွေရေးရုံးမှ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အခြားသော စေတနာရှင် ရှာဖွေကယ်ဆယ်ရေးသမားများ အပါအဝင် စုစုပေါင်း လူပေါင်း ၃၀၀ ခန့် ပါဝင်ခဲ့ကြသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ ဘာသာရေးပွဲတော်တွင် လူပေါင်း ၃၀၀ ခန့် အစာအဆိပ်သင့်မှုဖြစ်

**နယူးဒေလီ ဖေဖော်ဝါရီ ၂၁**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရက်ရှ်ထရာပြည်နယ် ဘာသာရေးပွဲတော်အတွင်း အစားအစာများ စားသုံးပြီးနောက် အစာအဆိပ်သင့်သူဦးရေမှာ အမျိုးသမီးနှင့် ကလေးများအပါအဝင် လူပေါင်း ၃၀၀ ခန့်ရှိသည်ဟု အာဏာပိုင်များက ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြောသည်။ မွမ်ဘိုင်းမြို့အရှေ့မြောက်ဘက် ၄၈၆ ကီလိုမီတာအကွာ ဘူဒ်ဟာနာခရိုင် ဆွမ်သန်နာကျေးရွာတွင် တစ်ပတ်ကြာကျင်းပသည့် ဘာသာရေးပွဲတော်၌ လူပေါင်းများစွာ အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

လူပေါင်းများစွာမှာ အန်ခြင်း၊ ဝမ်းပျက်ခြင်း၊ ဗိုက်အောင့်ခြင်းနှင့် နေထိုင်မကောင်းဖြစ်ခြင်းတို့ ခံစားရကြောင်း တိုင်ကြားမှုလက်ခံရရှိခဲ့သည်ဟု အာဏာပိုင်များကပြောသည်။ ထို့နောက် ၎င်းတို့ကို အစိုးရဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်ဟု သိရသည်။

သို့သော်လည်း ဆေးရုံတွင် လူနာခုတင်များ မလုံလောက်မှုနှင့် နေရာအခက်အခဲတို့ကြောင့် ဆေးရုံအပြင်ဘက်တွင်လည်း လူနာများကို ကုသမှု ပေးခဲ့ရသည်။ ကနဦးလက္ခဏာများကိုကြည့်ခြင်းဖြင့် အစာအဆိပ်သင့်သည့် ဖြစ်ရပ်မျိုးဖြစ်နိုင်ကြောင်း ဒေသခံအရာရှိတစ်ဦးက ပြောသည်။

**ဆင်ဟွာ**

## ကျောက်ဆည်ခရိုင်အတွင်း ဧက ၁၉၀၀ ကျော်စိုက်ပျိုးထားသည့် နနွင်းတက်များ စတင်တူးဖော်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နနွင်းစိုက် ဧက ၁၉၁၄ ဧက စိုက်ပျိုးထားရှိပြီး မြစ်သားမြို့နယ်၌ ဇန်နဝါရီလကုန်ပိုင်းမှ စတင်၍ နနွင်းများ စတင်တူးဖော်လျက်ရှိကြောင်း သိရသည်။



နနွင်းစိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းကုန်ကျစရိတ်ငွေကျပ် ၁၆ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့် လှည်း ၁၀-၁၂ စီးခန့်ထွက်ရှိပြီး လှည်းတစ်စီးလျှင် နနွင်းတက် ၂၅ တင်းခန့်ရရှိကြောင်း၊ ယခုနှစ်တွင် နနွင်းတက်အစို လှည်းတစ်စီးလျှင် ငွေကျပ် ၃၃၀၀၀၀-၃၅၀၀၀၀ အထိ ရရှိကြောင်း၊ နနွင်းတက်အခြောက်(အသစ်) တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပွဲစားများက စိုက်ခင်းအရောက် လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ နနွင်းတက် ၂၅ တင်းခန့်ပါ လှည်းတစ်စီးလျှင် ရေနွေးဖြော၍ အခြောက်ခံပါက ပိဿာ ၆၀-၇၀ အထိရရှိကြောင်း နနွင်းစိုက် တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

DOCA (မန္တလေး)

## မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းများ ကျဆင်း

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြသည်။

မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ် မူတည်၍ ကွမ်းတစ်ပိဿာလျှင် ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ငွေကျပ် ၁၈၀၀၀-၁၉၀၀၀ ဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီလ ပထမပတ်တွင် ငွေကျပ် ၁၃၀၀၀-၁၅၀၀၀ ဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ငွေကျပ် ၈၀၀၀-၁၂၀၀၀ ဖြင့်လည်းကောင်း ရောင်းချလျက်ရှိကြောင်း၊ ဆောင်းအကုန် နွေဦးရာသီတွင် ကွမ်းအထွက်နှုန်းတိုးပြီး ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှု များပြားကာ ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

DOCA(စစ်ကိုင်း)

## အထက်မင်းလှမြို့နယ်အတွင်း ပဲကြီးသီးနှံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ပန်းတော်ပြင်၊ ဥယျာဉ်၊ ရွာတော်၊ မယ်ဇလီတော၊ ညောင်ပင်သာ စသည့်ကျေးရွာများသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပြီး ကုလားပဲ၊ မတ်ပဲ၊ ပဲကြီး၊ စားတော်ပဲ၊ နှမ်း၊ နေကြာ၊ ဝါ၊ မြေပဲ၊ ပဲစင်းငုံ၊ ကြက်သွန်နီ၊ ငရုတ်၊ ခရမ်းချဉ်သီးနှင့် မေမြို့ပန်းများကို ရာသီအလိုက် စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။



အထက်မင်းလှမြို့နယ်အတွင်းရှိ ဥယျာဉ်ကျေးရွာတို့၌ ပဲကြီးသီးနှံများကို စိုက်ပျိုးလျက်ရှိပြီး တော်သလင်းလပြည့်ကျော်တွင် စတင်စိုက်ပျိုးကာ ငါးလခွဲအကြာတွင် စတင်ရိတ်သိမ်းနိုင်ကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်အားခအပါအဝင် စုစုပေါင်းငွေကျပ် ၁၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က ပဲကြီးအထွက်နှုန်းမှာ တစ်ဧက ၁၅ တင်းမှ ၂၆ တင်းအထိ ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀-၇၀၀၀၀ ရရှိခဲ့ကြောင်း ပဲကြီးစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မကွေး)

## မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ ဖေဖော်ဝါရီ ၁၉ ရက်တွင် အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ငရုတ်(အခြောက်) ၇၃ ဒသမ ၉၂၆ တန်၊ ကြက်သွန်နီ ၂၂၁ ဒသမ ၀၈ တန်၊ ပီလော ပီနံ (အခြောက်) ၁၉၅ တန်၊ ငရုတ်(အစို) ၅၇ ဒသမ ၁၂၅ တန်၊ မန်ကျည်းသီး (အစေ့ပါ) ၃၂ တန်၊ ဆီးဖြူသီး (အခြောက်) ၁၇ ဒသမ ၈ တန်နှင့် နနွင်းတက် ၁၀ တန်တို့ဖြစ်သည်။

ဖေဖော်ဝါရီ ၁၉ ရက်တွင် အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ပလတ်စတစ်ကုန်ပစ္စည်းများ၊ အလှကုန်များ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းများ၊ ဘက်ထရီ၊ အခြားစက္ကူများ၊ ချည်ထည်များ၊ စက်အပိုပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ခေတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းတို့ ဖြစ်သည်။

DOT (မြဝတီ)

## ဆောင်းနှမ်းသီးနှံများ စတင်ရိတ်သိမ်းလျက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် နှမ်းသီးနှံကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြရာ ယခုနှစ်တွင် ဆောင်းနှမ်းစိုက်ဧက ၁၀၃၆၂ ဧက စိုက်ပျိုးထားရှိပြီး ကျောက်ဆည်မြို့နယ်တွင် ၄၃၈၉ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၉၆၃ ဧက၊ မြစ်သားမြို့နယ်တွင် ဧက ၅၀၁၀ စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိအချိန်တွင် ဆောင်းနှမ်းသီးနှံ ၉၆၃ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ယခုလက်ရှိ နှမ်းဈေးနှုန်းအနေဖြင့် နှမ်းဖြူ တစ်တင်းလျှင် ငွေကျပ် ၁၃၃၀၀၀၊ နှမ်းညို တစ်တင်းလျှင် ငွေကျပ် ၁၀၃၀၀၀ ၊ နှမ်းနက်ရိုးရိုးတစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀ ၊ နှမ်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ စသည့် ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဆောင်းနှမ်းထွက်ပေါ်ချိန်တွင် ဈေးနှုန်းများ ကောင်းမွန်သောကြောင့် နှမ်းစိုက်တောင်သူများအနေဖြင့် ငွေကျပ် ၈၀၀၀၀၀ ခန့် အကျိုးအမြတ်ရရှိကြောင်း နှမ်းစိုက်တောင်သူတစ်ဦးထံမှ သိရှိရသည်။

DOCA (မန္တလေး)



## ၂၁-၂-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၄၀၀ | ၂၀၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၂၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၁၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၇၀၀ | ၁၉၀၀၀ | ၃၃၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၄၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၇၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၃၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၄၅၀ | ၁၆၀၀၀ | ၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၀၃၀ | ၁၃၅၀၀ | ၂၇၀၀ | ၁၉၅၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၃၅၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၁၁၂၀၀ | ၈၄၀၀ | ၆၂၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၂၀၀ | ၃၆၀၀ | ၃၅၀၀ | ၄၃၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၅၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၅၃၅၀ | ၁၈၀၀၀ | ၃၃၀၀ | ၂၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၄၅၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၅၅၀ | ၁၁၀၀၀ | ၂၅၀၀ | ၁၉၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၃၀၀ | ၆၈၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၅၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၆၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | ၄၀၀၀ | ၆၄၀၀ | ၁၂၅၀၀ | ၅၉၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၁၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၉၆၅ | ၁၃၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၄၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၁၂၅၀၀ | ၂၂၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၂၀၀ | ၆၄၀၀ | ၃၂၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၂၇၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၄၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၇၃၀၀ | ၃၇၀၀ | ၂၇၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၄၅၀ | ၁၄၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၂၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၄၅၀ | ၁၆၀၀၀ | ၂၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၂၀၀ | ၄၂၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၄၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

◆ *ကျောဖုံးမှ*

ကျွဲပွဲဘူတာသို့ ညနေ ၆ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ အမှတ်(၆၅၃)အဆန် ကျောက်ရထားသည် ညနေ ၆ နာရီ ၁၀ မိနစ်တွင် အုတ်တွင်းဘူတာနှင့် အမှတ်(၈၀၂) အစုန် ကုန်ရထားသည် ညနေ ၆ နာရီခွဲတွင် သောင်းတိုင်ကုန်းဘူတာသို့ လည်းကောင်း ရောက်ရှိရပ်နားထားခဲ့ရသည်။

ထို့အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသော အမှတ် (၁၁)အဆန် လူစီးရထားသည် ယနေ့ နံနက် ၉ နာရီ ၄၈ မိနစ်တွင် ညောင်လေးပင်ဘူတာ၌ ခေတ္တရပ်နားခဲ့ရပြီး အဆိုပါရထားဖြင့် လိုက်ပါလာသော ခရီးသည်များအား သောက်ရေသန့်နှင့် နေ့လယ်စာအား ဝေငှပေးခြင်းများကို မြန်မာ့မီးရထားဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့သည်။

**နယ်မြေရှင်းလင်းစစ်ဆေး**

မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး မြန်မာ့မီးရထားဝန်ထမ်းများက ရထားလမ်းအား သွားရောက်စစ်ဆေးရာတွင် တံတားအမှတ် (၁၄၅)ပေါ်ရှိ ရထားသံလမ်း နှစ်ချောင်းမှာ ပေ ၇၀ ခန့်စီ ပြတ်ထွက်ပျက်စီးခြင်း၊ ကွန်ကရစ်ဇလီ ဖားတုံး ၃၆ တုံး ပျက်စီးခြင်း၊ တံတားကွန်ကရစ် ကြမ်းခင်း၌ ငါးပေပတ်လည်အပေါက် ငါးပေါက် ဖြစ်ပေါ်ပျက်စီးဆုံးရှုံးခဲ့ရပြီး လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ရထားလမ်းပြုပြင်ခြင်းကို နံနက် ၁၁ နာရီမှစတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၂၅ မိနစ်တွင် ပြီးစီးခဲ့သဖြင့် လမ်းပိုင်းအား မွန်းလွဲ ၃ နာရီခွဲတွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး အမှတ်(၁၁)အဆန် ရထားသည် ညောင်လေးပင်ဘူတာမှ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် မန္တလေးဘက်သို့ ဆက်လက်ထွက်ခွာခဲ့ပြီး အဆိုပါ မိုင်းဖြစ်စဉ်ကြောင့် ညောင်လေးပင်ဘူတာ၌ ၅ နာရီ ၅ မိနစ်ခန့် လူစီးရထား ကြန့်ကြာခဲ့ရသည်။



အမှတ်(၁၁)အဆန်ရထားဖြင့် လိုက်ပါလာသည့် ခရီးသည်များအား မြန်မာ့မီးရထား ဝန်ထမ်းများက သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများ ဝေငှပေးစဉ်။

**ဆက်လက်ထွက်ခွာ**

ယမန်နေ့က အသီးသီးရပ်နားထားသော ကုန်ရထားများဖြစ်သည့် အမှတ်(၈၁၄)အစုန် ကုန်ရထားသည်ကညွတ်ကွင်းဘူတာမှ မွန်းလွဲ ၂ နာရီ ၀၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၈၂၄-A) အစုန်ကုန်ရထားသည် ဖြူးဘူတာမှ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ အမှတ် (၈၂၄-B) အစုန်ကုန်ရထားသည် ကျွဲပွဲဘူတာမှ ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၆၅၃) အဆန် ကျောက်ရထားသည် အုတ်တွင်းဘူတာမှ ညနေ ၆ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ အမှတ် (၈၀၂) အစုန် ကုန်ရထားသည် သောင်းတိုင်ကုန်းဘူတာမှ ညနေ ၆ နာရီ မိနစ် ၂၀ တွင်လည်းကောင်း ဆက်လက်ထွက်ခွာသွားခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း အကြိမ် ၁၃၀၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၄၇ ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။

**ကန့်ကွက်ရှုတ်ချလျက်ရှိ**

နိုင်ငံတော်အစိုးရ အနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်း အခြေခံအဆောက်အဦများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများကမူ နိုင်ငံတော်ပိုင် ရထားစက်ခေါင်း၊တွဲများနှင့် ခရီးသည်များ၊ ကုန်စည်များ ထိခိုက်ပျက်စီးစေရေး၊ ပြည်သူများ အသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေး ရထားဖြင့် ခရီးသွားလာမှု မပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့ အပြင် ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရေးတို့အတွက် ယုတ်မာပက်စက်သော ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ်ကျူးလွန်နေကြသောကြောင့် အဆိုပါအကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာဆန့်ကျင် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

**သတင်းစဉ်**



မိုင်းဖောက်ခွဲခံရမှုကြောင့် ရန်ကုန် - မန္တလေးရထားလမ်းပိုင်း ပိန်းဇလုပ်နှင့် ကျောက်တံခါးဘူတာအကြား တံတားအမှတ်(၁၄၅) ကြမ်းခင်းပျက်စီးဆုံးရှုံးမှုအခြေအနေကို တွေ့ရစဉ်။



မိုင်းဖောက်ခွဲခံရမှုကြောင့် ရန်ကုန် - မန္တလေးရထားလမ်းပိုင်း ပိန်းဇလုပ်နှင့် ကျောက်တံခါးဘူတာအကြား ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်နေစဉ်။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ပိန်းဇလုပ်နှင့် ကျောက်တံခါးဘူတာအကြား ရထားလမ်းပျက်စီးအားပြန်လည်ပြုပြင်ပြီးအမှတ်(၁၁) အဆန်ရထားဖြတ်သန်းစဉ်။

# ပြင်ဦးလွင်မြို့တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခြေခံကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၁**

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၏ လမ်းညွှန်ချက်ဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမှုကို ပြင်ဦးလွင်မြို့ ကုတင်(၃၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သောအဖွဲ့က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယခုနှစ် ဇန်နဝါရီလတွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြင်ဦးလွင်မြို့၌ ပင်စင်လစာငွေများလာရောက် ထုတ်ယူလျက်ရှိကြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၁၁၂ ဦးအား ပထမအကြိမ်အဖြစ် အခြေခံကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ယခုဖေဖော်ဝါရီလ ၂၁ ရက်မှ ၂၆ ရက်အထိ မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ ပြင်ဦးလွင်မြို့တွင် ဒုတိယအကြိမ်မြောက်အဖြစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထပ်မံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။



ယနေ့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြင်ဦးလွင်မြို့၌ ပင်စင်လစာငွေများ လာရောက်ထုတ်ယူလျက်ရှိကြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက် ပေးနေမှုများကို ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသန့်ဇော်ဦးနှင့်အဖွဲ့ဝင်များ လာရောက်ကြည့်ရှု၍ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဖြူလူသစ်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ယခုပွဲစဉ်တွင် သာမန်ခြေစွမ်းအောက် ရောက်နေခဲ့ပြီး အင်တာမီလန်အသင်းဘက်သို့ ဂိုးပေါက်ခြိမ်းခြောက်ခုနစ်ကြိမ်သာရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု မရှိခဲ့ပေ။ အင်တာမီလန်နှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့၏ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်ကို မက်ထရိုပိုလီတာနိုကွင်း၌ မတ် ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ချန်ပီယံလိဂ် ၁၆ သင်း ပထမအကျော့မှ ပီအက်စ်ဗွီနှင့် ဒေါ့မွန်အသင်းပွဲစဉ်ကိုလည်း ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၂ နာရီခွဲတွင် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ **အောင်ဇော်**

# မိတ္ထီလာတက္ကသိုလ်၌ ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာတက္ကသိုလ်၌ ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်း (၁/၂၀၂၄) ကို ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးနေဦးထံမှ သိရသည်။

"မိတ္ထီလာတက္ကသိုလ်မှာ ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်း (၁/၂၀၂၄)ကို ဖွင့်လှစ်ပို့ချနေတာဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၇၄ ဦး တက်ရောက်လျက်ရှိပါတယ်။ သင်တန်းကို စနေနဲ့ တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၇ ရက်က စတင်ပြီး သင်တန်းဖွင့်လှစ်တာဖြစ်ပြီး သင်တန်းကာလခြောက်ရက်တာ ဖွင့်လှစ်မှာဖြစ်ပြီး စာတွေ့လက်တွေ့ စာမေးပွဲဖြေဆိုရတာတွေ ပါဝင်မှာဖြစ်ပါတယ်" ဟု ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူးက ပြောသည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မိတ္ထီလာတက္ကသိုလ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် လက်နက်မဲ့အခြေခံစစ်ရေးပြ၊ လူနာထမ်းစင်တင်နည်း၊ ပတ်တီးစည်းနည်း၊ အရေးပေါ်လူနာအား ရှေးဦးစွာ စနစ်တကျပြုစုစောင့်ရှောက်နည်း စသည့် သင်ခန်းစာများကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ (သို့မဟုတ်) “တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်သော ပြည်သူ့ဗဟိုပြု အာဆီယံ”

ဒေါက်တာ ဝါဝါမောင်

*(ယမန်နေ့မှအဆက်)*

(ဆ) အင်အားအသုံးပြုခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းတို့မပါဝင်ဘဲ ဥပဒေကို လေးစားလိုက်နာခြင်းနှင့် သံတမန်နည်းလမ်းအရ ဖြေရှင်းခြင်း အပါအဝင် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းနှင့် ၁၉၈၂ ခုနှစ် ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCLOS) အပါအဝင် နိုင်ငံတကာဥပဒေစည်းမျဉ်းများကို လေးစားလိုက်နာဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းမြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အာဆီယံအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ဇ) ခိုင်မာကောင်းမွန်သည့် စီမံကိန်းများနှင့် လုပ်ငန်းစဉ်များမှတစ်ဆင့် အင်ဒို-ပစိဖိတ်ဒေသအတွင်း အာဆီယံ၏ မျှော်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည့် အသိုက်အဝန်းတစ်ခုဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ဈ) ဒီမိုကရေစီစံနှုန်းများကို လေးစားလိုက်နာသော၊ တရားဥပဒေစိုးမိုးသော၊ ကွဲပြားခြားနားသည့် ယဉ်ကျေးမှု၊ နိုင်ငံရေး၊ လူမှုရေးနှင့် ဘာသာရေးတို့ကို လေးစားတန်ဖိုးထားသော၊ အခြေခံလွတ်လပ်ခွင့်များကို လေးစားသော၊ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးသော၊ လူမှုရေးဆိုင်ရာ တရားမျှတမှုကို မြှင့်တင်ပေးသော၊ အားလုံးပါဝင်နိုင်သော စုပေါင်းစွမ်းအားမြင့်မားသည့် အသိုက်အဝန်းတစ်ခုအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

**စီးပွားရေး (Economic)**

**စီးပွားရေးနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖော်ပြပါဝင်ပါသည်-**

(က) အဆင့်မြင့်နည်းပညာများနှင့် ပေါ်ပေါက်လာမည့်အခွင့်အလမ်းများကို ဖမ်းဆုပ်ဆောင်ရွက်နိုင်စွမ်းတို့ဖြင့် တစ်ခုတည်းသောဈေးကွက်နှင့် အနာဂတ်အတွက် အသင့်ဖြစ်နေသော၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ် အမြစ်တွယ်သည့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအတွက် အဓိကအရေးပါသော၊ ကမ္ဘာတွင် စတုတ္ထမြောက် စီးပွားရေးအင်အားအကြီးဆုံးသောဒေသအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ခ) **ကာလရှည်စိန်ခေါ်မှုများနှင့် အနာဂတ်အရေးကိစ္စများကို တုံ့ပြန်နိုင်သော တက်ကြွပြီး ခံနိုင်ရည်စွမ်းမြင့်မားသော အသိုက်အဝန်းတစ်ခု။** ကျွန်ုပ်တို့သည် ဖွံ့ဖြိုးမှုကွာဟချက်များကို လျော့နည်းစေနိုင်မည့် လုပ်ငန်းစဉ်များကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပြီး အားလုံးပါဝင်နိုင်မှုကို မြှင့်တင်နိုင်ရေးနှင့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများကို တန်းတူညီမျှရယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ဂ) ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် အဓိကမောင်းနှင်သူအနေဖြင့်လွှမ်းမိုးဆောင်ရွက်နိုင်ရေးနှင့် အာဆီယံ၏ ပေါင်းစည်းစွမ်းအားမြှင့်တင်နိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်ချိတ်ဆက်မှုများ အားကောင်းစေခြင်း၊ အာဆီယံဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုမြှင့်တင်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော၊ ပေါင်းစည်းစွမ်းအားမြင့်မားသော တစ်ခုတည်းသော ဈေးကွက်နှင့်ထုတ်လုပ်မှုဗဟိုဌာန။ တက်ကြွပြီး စွမ်းဆောင်ရည်မြင့်မားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖြင့် အာဆီယံအား အင်ဒို-ပစိဖိတ်ဒေသအတွင်း ကုန်ထုတ်လုပ်မှုနှင့် စက်မှုဗဟိုဌာနအဖြစ် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ဃ) စီးပွားရေးပေါင်းစည်းမှု အစီအစဉ်ကို မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် သဘာဝပြောသည့် ဂေဟစနစ်တစ်ခုကို ဖော်ဆောင်နိုင်ရန်အတွက် တီထွင်ဖန်တီးနိုင်မှုအားကောင်းသော စီးပွားရေးဝန်းကျင်နှင့် အဆင့်မြင့်စက်မှုလုပ်ငန်းများ အပါအဝင် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားစေမည့် အရင်းအမြစ်အသစ်များတည်ရှိသော၊ သိပ္ပံနှင့် နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများ ပိုမို မြှင့်တင်ဆောင်ရွက်နိုင်စွမ်းရှိသော၊ အကောင်းဆုံးသော စီးပွားရေးလုပ်ငန်းများ စုစည်းတည်ရှိသော ဗဟိုဌာနအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(င) ပွင့်လင်းမြင်သာမှုရှိသော၊ အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်နိုင်သော၊ လျင်မြန်စွာ၊ လုံခြုံစိတ်ချစွာနှင့် ယုံကြည်စွာ ဆောင်ရွက်နိုင်သည့် ဒီဂျစ်တယ်ဂေဟစနစ်ရှိသော၊ ဒီဂျစ်တယ် အသွင်ကူးပြောင်းမှုအလားအလာများကို ဖော်ဆောင်ပေးနိုင်သော၊ နည်းပညာမြင့် ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် အာဆီယံနှင့် အာဆီယံပြည်သူများကို အကျိုးဖြစ်ထွန်းမှု အများဆုံးဖော်ဆောင်ပေးနိုင်သော၊ ဒီဂျစ်တယ်နှင့် နည်းပညာဆိုင်ရာကဏ္ဍများတွင် ဦးဆောင်နိုင်စွမ်းနှင့် ချိတ်ဆက်နိုင်စွမ်းမြင့်မားသော အသိုက်အဝန်းတစ်ခုအဖြစ် ထူထောင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(စ) အသိပညာဗဟုသုတများ မျှဝေခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေခြင်းနှင့် တီထွင်ဆန်းသစ်မှုအားကောင်းစေခြင်း အပါအဝင် သက်ဆိုင်သူအားလုံး အကျိုးဖြစ်ထွန်းစေခြင်းဖြင့် အာဆီယံ၏ အချက်အချာကျမှုကို ထိန်းသိမ်းနိုင်သောပူးပေါင်းဆောင်ရွက်မှုပုံစံများနှင့် သဘောတူညီချက်များကို အခြေပြု၍ ပြင်ပမိတ်ဖက်များနှင့် ပိုမိုခိုင်မာအားကောင်းသော အပြန်အလှန်အကျိုးဖြစ်ထွန်းစေသော စီးပွားရေးချိတ်ဆက်မှုများ ဆောင်ရွက်နိုင်သည့် အသိုက်အဝန်းတစ်ခုအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ဆ) တန်ဖိုးမြင့်ကုန်စည်များ ထုတ်လုပ်နိုင်မှုပမာဏတိုးတက်လာစေရန်နှင့် ပိုမိုထိရောက်စွာ ထုတ်လုပ်နိုင်ရန်အတွက် ကုန်ကြမ်းရရှိနိုင်မှုသေချာစေရေးအပါအဝင် ကုန်ကြမ်းမှသည် ကုန်ချောအထိ ထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက် လွယ်ကူချောမွေ့စေခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ချိတ်ဆက်မှုများ အားကောင်းစေခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ဖြည့်ဆည်းမှုကွင်းဆက်၏ အဓိကကျသောအစိတ်အပိုင်းတွင် ပါဝင်လျက်ရှိသော အသိုက်အဝန်းတစ်ခု ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ဇ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆုံးရှုံးမှုများအတွက် ဘဏ္ဍာငွေပံ့ပိုးပေးနိုင်မှု မြှင့်တင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းခြင်းနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကို လျော့ပါးစေခြင်းနှင့် ပြင်ပသက်ရောက်မှုများကြောင့် ဒေသတွင်းထိခိုက်နိုင်မှုကို လျော့ပါးစေရေးအတွက် နယ်စပ်ဖြတ်ကျော်ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှုများအတွက် ဒေသတွင်း ငွေကြေးများကို သုံးစွဲမှုမြှင့်တင်ခြင်းအပါအဝင် စီးပွားရေးအရဖြစ်စေ၊ ဘဏ္ဍာရေးအရဖြစ်စေ ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ထားသည့် အသိုက်အဝန်းတစ်ခု ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**စီးပွားရေး၊ လူမှု-ယဉ်ကျေးမှု (Economic, Socio-Cultural)**

**စီးပွားရေး၊ လူမှု-ယဉ်ကျေးမှုနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖော်ပြပါဝင်ပါသည်-**

ဒေသတွင်း၌ အစိမ်းရောင်စီးပွားရေးနှင့် အဏ္ဏဝါစီးပွားရေးလုပ်ငန်းများ ထွန်းကားစေရေး ဆောင်ရွက်လျက်ရှိသည့် အားလျော်စွာ မြေနှင့်ရေအရင်းအမြစ်များအား ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးစေခြင်း၊ ရာသီဥတုဆိုင်ရာ တုံ့ပြန်နိုင်မှု မြှင့်တင်ခြင်းနှင့် ရေရှည်တည်တံ့စေရေးတို့တွင် အာဆီယံ၏ ရပ်တည်ချက်ကို အားကောင်းစေခြင်းမှတစ်ဆင့် စိမ်းလန်းသော အာဆီယံဖြစ်စေရေးပင်ဖြစ်သည်။

**လူမှု-ယဉ်ကျေးမှု (Socio-Clutural)**

**လူမှု-ယဉ်ကျေးမှုနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်းဖော်ပြပါဝင်ပါသည်-**

(က) အာဆီယံ၏ သွင်ပြင်လက္ခဏာနှင့် ပြယုဂ်နှင့်အတူ ပြည်သူများ၊ ကုန်စည်များ၊ ဝန်ဆောင်မှုများ လွတ်လပ်စွာ စီးဆင်းနိုင်သော ပြည်သူကို ဗဟိုပြုသော၊ ပြည်သူကို အလေးထားသောအသိုက်အဝန်းတစ်ခုဖြစ်ပေါ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ခ) ထိခိုက်လွယ်သော အုပ်စုများအပါအဝင် မည်သူမျှချန်လှပ်ထားခြင်းမရှိဘဲ သဘာဝပြောမှုကို အတူတကွမျှဝေခံစားနိုင်သော၊ အားလုံးပါဝင်နိုင်သော၊ ပူးပေါင်းလုပ်ဆောင်နိုင်သော၊ ရေရှည်တည်တံ့သော၊ အာဆီယံအဖွဲ့ဝင်ပြည်သူများအကြား စည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးနိုင်သော၊ ပြည်သူများအတွက် အရည်အသွေးရှိသည့် လူမှုဘဝနေထိုင်မှုကို အပြည့်အဝဖော်ဆောင်ပေးနိုင်ရေးအလေးထားသော အသိုက်အဝန်းတစ်ခုအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ဂ) ကျွမ်းကျင်မှုမြင့်မားပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော လုပ်သားအင်အားများ ပိုမိုပေါ်ထွန်းလာစေရန်အတွက် မြန်ဆန်စွာ သင်ယူနိုင်သည့် ဝန်းကျင်တစ်ခုဖော်ဆောင်ကာ ဘက်စုံလွှမ်းခြုံနိုင်သော၊ အားလုံးပါဝင်နိုင်သော၊ သင်ကြားမှုပုံစံအသစ်များမှတစ်ဆင့် အာဆီယံကို ဖွံ့ဖြိုးမှုနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာဗဟိုဌာနအဖြစ် ဖော်ဆောင်နိုင်ရန်နှင့် အရည်အသွေးမြင့်မားသည့် အလုပ်အကိုင်များနှင့် အခြားသောအလုပ်အကိုင်များ ဖော်ဆောင်ပေးရန် အပါအဝင် လူသားအရင်းအမြစ်များ ပေါများသည့် အာဆီယံ၏ အားသာချက်များကို အပြည့်အဝ ထိရောက်စွာအသုံးပြုနိုင်သော အသိုက်အဝန်းတစ်ခုအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ဃ) သက်တမ်းရှည်ကြာစွာ နေထိုင်နိုင်သော၊ လူကြီးလူငယ်မရွေး ကျန်းမာသန်စွမ်းသော၊ ဘက်စုံလွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ရှိခြင်းကြောင့် ကူးစက်နိုင်သောရောဂါများ (Communicable Diseases) နှင့် မကူးစက်နိုင်သောရောဂါများ (Non-Communicable Diseases) တို့မှ ဘေးကင်းလုံခြုံသော၊ ပြည့်စုံကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ရယူနိုင်သော ကျန်းမာကြံ့ခိုင်သည့် အာဆီယံပြည်သူများဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(င) အာဆီယံရေရှည်တည်တံ့စေရေး အစီအစဉ်နှင့်အညီ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ပြည်သူများ၏ ခံနိုင်ရည်စွမ်းအားများ မြှင့်တင်ပေးခြင်းနှင့် လူသားလုံခြုံမှု(Human Security) မြှင့်တင်နိုင်ခြင်းမှတစ်ဆင့် အာဆီယံပြည်သူများအားလုံး၏ လူမှုဘဝအခြေအနေများကို အလေးထားဆောင်ရွက်ပေးသော အသိုက်အဝန်းတစ်ခုဖြစ်စေရန် ဆောင်ရွက်သွားရန်ရှိပါသည်၊

**❑ အာဆီယံရေရှည်တည်တံ့စေရေး အစီအစဉ်နှင့်အညီ အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ပြည်သူများ၏ ခံနိုင်ရည်စွမ်းအားများ မြှင့်တင်ပေးခြင်းနှင့် လူသားလုံခြုံမှု(Human Security) မြှင့်တင်နိုင်ခြင်းမှတစ်ဆင့် အာဆီယံပြည်သူများအားလုံး၏ လူမှုဘဝအခြေအနေများကို အလေးထားဆောင်ရွက်ပေးသော အသိုက်အဝန်းတစ်ခုဖြစ်စေရန် ဆောင်ရွက်သွားရန်ရှိ**

*(ဆက်လက်ဖော်ပြပါမည်)*

## (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ဖလမ်း ဖေဖော်ဝါရီ ၂၁**

ချင်းပြည်နယ် ဖလမ်းမြို့၌ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ချင်းပြည်နယ်အလံတို့အား အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းက ဖတ်ကြားသည်။

ဆက်လက်၍ ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းကို မြို့မိမြို့ဖဥက္ကဋ္ဌ ဦးရှုလ်ဇမ်းက ဖတ်ကြားပြီး ချင်းရိုးရာယဉ်ကျေးမှုအဖွဲ့က ရိုးရာအကဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။ ထို့နောက် ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ရိုးရာယဉ်ကျေးမှုအကအဖွဲ့အား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ရဲမြင့်အောင်(ပြန်/ဆက်)**

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဝန်ထမ်းမိသားစု ထမနဲထိုးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ရုံးက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ်မြောက် ဝန်ထမ်းမိသားစုထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက်က ကျင်းပသည်။



အခမ်းအနားတွင် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့အလှည့်ကျသဘာပတိ ဦးအောင်ကိုဇော်က အမှာစကားပြောကြားပြီး ပြိုင်ပွဲတွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့လက်အောက်ရှိဌာနများဖြစ်သည့် ပစ္စည်းထိန်းသိမ်းသိုလှောင်ရေးနှင့်ရွှေရတနာပစ္စည်းထိန်းသိမ်းရေးဌာန၊ ဘဏ္ဍာရေးဌာန၊ တည်ဆောက်/ပြုပြင်ထိန်းသိမ်းရေးဌာန၊ ဝတ္တကမြေသာယာလှပရေးဌာန၊ မှတ်တမ်းနှင့်ပြန်ကြားရေးဌာန၊ လုံခြုံရေးနှင့် မီးသတ်ဌာန၊ စီမံရေးရာဌာနစသည်ဖြင့် ဌာနအလိုက် အဖွဲ့ခုနစ်ဖွဲ့ယှဉ်ပြိုင်ကြရာ ရွှေသံလွင်ဆောက်လုပ်ရေးကုမ္ပဏီမှ နာယက ဒေါက်တာဒေါ်နီနီက မောင်းသုံးချက်တီး၍ ပြိုင်ပွဲစတင်ပေးသည်။

ထမနဲထိုးပြိုင်ပွဲများ၏ယှဉ်ပြိုင်မှုကို တက်ရောက်လာကြသောလူကြီးမင်းများက အကဲဖြတ်အမှတ်ပေး၍ ပထမဆုရရှိသော ဝတ္တကမြေသာယာလှပရေးဌာနကို ပထမဆု ငွေကျပ်ငါးသိန်း ချီးမြှင့်ပေးအပ်သည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးတွင် လာမည့် ဖေဖော်ဝါရီ ၂၄ ရက် (တပို့တွဲလပြည့်နေ့)တွင် ဆဋ္ဌမအကြိမ်မြောက် နှမ်းမနဲထိုးပွဲကျင်းပ၍ မြတ်စွာဘုရားရှင်အား ကပ်လှူပူဇော်သွားမည်ဖြစ်ပြီး ဘုရားဖူးလာရဟန်းရှင်လူများအား နှမ်းမနဲ စတုဒိသာကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။

**အာကာလင်း**

## စစ်တွေမြို့နှင့်ကျောက်ဖြူမြို့တို့သို့ လေယာဉ်ဖြင့် ပြန်လာသည့်ခရီးသည် ၆၀၀ နီးပါး ဖမ်းဆီးစစ်ဆေးခံနေရသည်ဟု သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်မြို့မှ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့တို့ကို လေယာဉ်ဖြင့်ပြန်လာသည့် ခရီးသည် ၆၀၀ နီးပါးကို ဖေဖော်ဝါရီ ၁၉ ရက်က အဆိုပါလေဆိပ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးစစ်ဆေးနေကြောင်း ပြည်သူများ ကြောက်ရွံ့ ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အထင်အမြင်လွဲမှားစေမည့် သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာအချို့က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ရန်ကုန်မြို့မှ စစ်တွေနှင့် ကျောက်ဖြူကို လေယာဉ်ဖြင့်ပြန်လာသည့် ခရီးသည်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးအရ ပုံမှန်စစ်ဆေးခြင်းများသာ ပြုလုပ်လျက်ရှိပြီး ဖမ်းဆီးခြင်းမရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာ အချို့က ထင်ယောင်ထင်မှား ဖြစ်စေရန် လုပ်ကြံရေးသားခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။




ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်နှင့် တည်ငြိမ်အေးချမ်းမှု မရှိစေရန်အတွက် AA အကြမ်းဖက်သမားများက အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေခြင်းကြောင့် ဒေသခံပြည်သူများ ကြောက်ရွံ့ ထိတ်လန့်လျက်ရှိပြီး အဆိုပါ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ထောက်ခံအားပေးခြင်း မရှိသည့်အတွက် ထိုသို့ သတင်းတု၊ သတင်းအမှားဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားလာစေရန် ဝါဒဖြန့်ရေးသားခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရေဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့နယ် သဲဖြူကျေးရွာတွင် သုံးရက်အတွင်း ဒေသခံအမျိုးသား ၂၀ ကျော် ဖမ်းဆီးခံထားရကြောင်း ကောလာဟလ သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့နယ် သဲဖြူကျေးရွာတွင် ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ သုံးရက်တာအတွင်း ည ၈ နာရီနောက်ပိုင်း အပြင်မှာတွေ့ရှိသည့် လူငယ်လူရွယ် အမျိုးသား ၂၀ ကျော်ကို ကျေးရွာထိပ်တွင် ကင်းပုန်းချထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် အဆိုပါလူငယ်များကို စစ်သင်တန်းပေးမည်ဟု ကောလာဟလသတင်းအမှားများကို လူငယ်လူရွယ်များနှင့် မိဘပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်အတွက် တရားမဝင်ပြည်ဖျက် မီဒီယာအချို့က လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ ယင်းနေ့ရက်များတွင် ငရုတ်ကောင်းမြို့နယ် သဲဖြူကျေးရွာနှင့် အနီးဝန်းကျင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေတည်ငြိမ်ရေးနှင့် လုံခြုံရေးဆောင်ရွက်ခဲ့ခြင်းသာ ရှိပြီး လူငယ်လူရွယ်များကို ဖမ်းဆီးခြင်း မရှိကြောင်း သိရှိရသည်။

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကိုမလိုလားသူများက လူငယ်လူရွယ်များ၊ မိဘပြည်သူများကို စိုးရိမ်ထိတ်လန့်စေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက စစ်မှုထမ်းရန်အတွက် လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်းစသည့် ကောလာဟလသတင်းအမှားများကြောင့် အကြမ်းဖက်အဖွဲ့အစည်းများသို့ လူငယ်လူရွယ်များက ဝင်ရောက်လာစေရေးအတွက် စည်းရုံးသိမ်းသွင်းနေသည့် ဝါဒဖြန့်သတင်းများသာဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်း၍ မဟုတ်မမှန်ဝါဒဖြန့်ချိမှုများနှင့် ကောလာဟလသတင်းများကို မိဘပြည်သူများနှင့် လူငယ်လူရွယ်များ ထင်ယောင်ထင်မှားမဖြစ်စေရန်နှင့် သိရှိနားလည်စေရန်အတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို နိုင်ငံပိုင်သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာလျက်ရှိကြောင်း သတင်းရရှိပါသည်။




**သတင်းစဉ်**

> အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## မန္တလေးမြို့ပေါ်ရှိ လူသွားလူလာရှင်းသည့်နေရာများတွင် ဆိုင်ကယ်များကို အုပ်စုဖွဲ့၍ ဓားထောက်လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ပေါ်ရှိ လူသွားလူလာရှင်းသည့်နေရာများတွင် ဆိုင်ကယ်များကို အုပ်စုဖွဲ့၍ ဓားထောက်လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၅၃ လမ်း၊ ၂၇ x ၂၉(A) လမ်းကြားတွင် လူတစ်ဦး ဓားဒဏ်ရာဖြင့် လဲကျနေကြောင်း သတင်းအရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အခင်းဖြစ်သည့်နေရာတွင် အမည်မသိ အမျိုးသားတစ်ဦးသည် ဓားဒဏ်ရာများဖြင့် လဲကျသေဆုံးလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိစစ်ချက်များအရ သေဆုံးသူသည် ယင်းနေ့တွင် ၅၃ လမ်းအတိုင်း မြောက်ဘက်မှတောင်ဘက်သို့ Scoopyi အနက်ရောင်မော်တော်ဆိုင်ကယ်ဖြင့် မောင်းနှင်လာစဉ် ၂၇ x ၂၉(A) လမ်းကြားသို့ အရောက်၌ တောင်ဘက်မှ မြောက်ဘက်သို့ မောင်းနှင်လာသည့် လူလေးဦးပါ ဆိုင်ကယ်နှစ်စီးက ရှေ့မှပိတ်ရပ်ပြီးနောက် ဆိုင်ကယ်နောက်တွင် လိုက်ပါလာသူများက အသင့်ယူဆောင်လာသော ဓားများဖြင့် ထိုး၍ ဆိုင်ကယ်ကို လုယူမောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

ပြစ်မှုကျူးလွန်တရားခံများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် တာဝန်ရှိသူများက အဖွဲ့များခွဲ၍ စိစစ်ဆောင်ရွက်ခဲ့ရာ ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သည့် ချမ်းမြေ့အောင်(ခ)ဒေါက်ဒေါက် ၂၂ နှစ် (ဘ) ဦးလင်းအောင်၊ တိုးဝေ(ခ)တိုးတက်(ခ) အားထစ် ၁၇ နှစ် (ဘ) ဦးစံသိန်း၊ ရဲဝင်းအောင် ၁၇ နှစ် (ဘ) ဦးဇော်ဝင်း၊ ကျော်ကြီး (ခ) ကျော်ကျော်မြင့် ၁၈ နှစ် (ဘ) ဦးမြငွေတို့ လေးဦးနှင့် သက်သေခံဆိုင်ကယ်ကို ဝယ်ယူခဲ့သူများအား သက်သေခံပစ္စည်းများနှင့်အတူ ဖြစ်စဉ်ဖြစ်ပွားပြီး ၃၅ နာရီအတွင်း ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင်ပါဝင်ခဲ့သည့် တရားခံများအား ကနဦးစစ်ဆေးချက်များအရ ၎င်းတို့သည် မန္တလေးမြို့ပေါ်ရှိ လူအသွားအလာနည်းပါးသည့်နေရာများတွင် အုပ်စုဖွဲ့၍ တန်ဖိုးကြီးမော်တော်ဆိုင်ကယ်များကို ဓားထောက်လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သက်သေခံပစ္စည်းများ ဆက်လက်သိမ်းဆည်းရမိရေးနှင့် ၎င်းတို့အား ဥပဒေနှင့်အညီအရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများနှင့် သက်သေခံပစ္စည်းများ။

# သတင်းမီဒီယာကောင်စီအနေဖြင့် သတင်းမီဒီယာဥပဒေကို လက်ကိုင်ထားပြီး နိုင်ငံတော်၏ အခြေအနေမှန် သတင်းဖော်ပြချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများသိရှိအောင် ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ကောင်စီဝင်များ လပတ်ပုံမှန်အစည်းအဝေး (၁/၂၀၂၄) ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိမြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပ ရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်း မောင် (မြင်းမူမောင်နိုင်မိုး) တက်ရောက်အမှာစကား ပြောကြားသည်။ (ယာပုံ)



ယနေ့အချိန်အခါသည် နိုင်ငံတော်တည်ငြိမ်ရေး နှင့် တရားဥပဒေစိုးမိုးရေးအတွက် အရေးကြီးသည့် အချိန်အခါဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဒွိတာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက် ထိန်းသိမ်းပြီး နိုင်ငံတော်တည်ငြိမ်ဖွံ့ဖြိုးတိုးတက် ရေးကို အစိုးရ၊ တပ်မတော်နှင့် ပြည်သူညီညွတ်စွာ လက်တွဲဆောင်ရွက်နိုင်အောင် အခက်အခဲများကြားမှ အောင်မြင်အောင် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ယနေ့အများပြည်သူ စိတ်ဝင်စားနေသည့် ပြည်သူ့ စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍လည်း နိုင်ငံတော် အကြီးအကဲနှင့် အဆင့်ဆင့်သော တာဝန်ရှိသူများက ပြည်သူလူထု သိရှိလိုက်နာနိုင်အောင် ရှင်းလင်း ပြောကြားနေလျက်ရှိကြောင်း။

သို့ရာတွင် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် ကင်းမဲ့သော မီဒီယာအဖွဲ့အစည်းအချို့က သတင်းမှားမျိုးစုံဖြင့် လုပ်ကြံဖန်တီး ထုတ်လွှင့်နေသောကြောင့် ပြည်သူ များ စိုးရိမ်စိတ်ဖြစ်ပေါ်နေမှု ရှိနေပါကြောင်း၊ နိုင်ငံသားတိုင်းသည် မိမိတို့ လိုက်နာဆောင်ရွက် ရမည့်တာဝန်ကို ဥပဒေနှင့်အညီ စနစ်တကျလိုက်နာ ဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ သတင်းမီဒီယာကောင်စီအနေဖြင့်လည်း သတင်းမှားများကို သတင်းမှန်ဖြစ်အောင် ထိန်းကျောင်း ဆောင်ရွက်ရန်တာဝန်ရှိပါကြောင်း၊ သတင်းမီဒီယာ ကောင်စီအနေဖြင့် သတင်းမီဒီယာဥပဒေကို လက်ကိုင် ထားပြီး နိုင်ငံတော်၏ အခြေအနေမှန် သတင်းဖော်ပြ ချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူ များသိရှိအောင် စည်းရုံးဟောပြောခြင်း၊ သင်တန်းများ ဖွင့်ပြီး ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်နိုင်သည့် သတင်းသမားများ ပေါ်ထွန်းရေးကို ဆောင်ရွက် နေပါကြောင်း၊ မိမိတို့ကောင်စီအနေဖြင့် အဖွဲ့ စနစ်ဖြင့် ညီညွတ်စွာ ဆောင်ရွက်သင့်သည်များကို ကျန်သက်တမ်းကာလအတွင်း လုပ်ဆောင်နိုင်သမျှ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့်ကောင်စီဝင်များက လိုအပ်သည်များကို အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

## လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတွင်ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

လားရှိုး ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲ ဖြစ်စဉ်များကြောင့် လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်း တိုက်တွင် ရောက်ရှိနေကြသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူများ အား အိမ်ထောင်စုလူဦးရေ စာရင်း နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား များ ပြုလုပ်ပေးလျက်ရှိသည်။



အဆိုပါ အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်များ ပြုလုပ်ပေးသည့် နေရာ သို့ လားရှိုးခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း၊ လူဝင် မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန လားရှိုးခရိုင် ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်းနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ယနေ့နံနက် ၁၀ နာရီက သွားရောက်ကြည့်ရှု အားပေးသည်။ (ဝဲပုံ)

သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်း တိုက်တွင် ရောက်ရှိနေကြသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူများ အား အိမ်ထောင်စုမိတ္တူ ထုတ်ပေး ခြင်း၊ အိမ်ထောင်စုမရှိသူများအား အိမ်ထောင်စု ပြုလုပ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် လဲလှယ် ပေးခြင်းနှင့် ပျောက်ဆုံးသူများ ကို မိတ္တူထုတ်ပေးခြင်း၊ အသက် (၁၀) နှစ်နှင့် (၁၈) နှစ်ပြည့်သူ များကို နိုင်ငံသားစိစစ်ရေးကတ် ပြားများ ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

စိုင်းထွန်း (လားရှိုး)

## ကသာမြို့၌ အခြေခံပညာအတန်းများ နှစ်ဆုံးစာမေးပွဲ စိတ်အေးချမ်းသာစွာဖြေဆို

ကသာ ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် အခြေခံပညာ အတန်းများအတွက် နှစ်ဆုံးစာမေးပွဲ သတ္တမနေ့တွင် သိပ္ပံဘာသာရပ်နှင့် လူမှုရေးသိပ္ပံဘာသာရပ်တို့ကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာဖြင့် ယမန်နေ့က ဖြေဆိုပြီးကြောင်း သိရသည်။

ကသာမြို့နယ်အတွင်းတွင် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင် ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ စာစစ် ဌာနများအလိုက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၏ Grade-10, Grade-11 နှင့် Grade-12 အထက်တန်းအဆင့် နှစ်ဆုံးစာမေးပွဲဖြေဆိုခွင့်ရှိသူ ၁၆၃၈ ဦးရှိပြီး ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၁၆၃၈ ဦး ဖြေဆိုသဖြင့် ရာနှုန်းပြည့်ဖြေဆိုပြီးစီးကြောင်း မြို့နယ်ပညာရေးမှူး ထံမှ သိရှိရသည်။

အခြေခံပညာကျောင်းများ နှစ်ဆုံးစာမေးပွဲအောင်မြင်စွာ ဖြေဆိုနိုင် ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက အနီးကပ်ကြီးကြပ် စောင့်ရှောက်ပေးကြောင်း သိရသည်။

လူအောင် (ကသာ)



ပုသိမ်မြို့နယ် အမှတ်(၁၃)ရပ်ကွက် AMAVA အထည်ချုပ်စက်ရုံရှိ ဝန်ထမ်းများအား ဖေဖော်ဝါရီ ၁၉ ရက်က ပုသိမ်မြို့နယ် မီးသတ် ဦးစီးဌာနမှသန္နေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအသိပညာ ပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး လေ့ကျင့်သရုပ်ပြစဉ်။

မြို့နယ် (ပြန်/ဆက်)


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၂ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၉၅ ကျပ် | ၂၆၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၄၀ ကျပ် | ၂၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၇၀ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၇၅ ကျပ် | ၂၉၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၃၁၅ | ၂၆၇၈၅၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၉၀၄၄ | ၂၆၂၁၂၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၁၆၆၅၉ | ၂၅၀၀၁၄၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၅၀ | ၁၈၀၀ | ၂၅၅ | ၄၄၉၀၀၀ |
| AHPC | ၄၆၀၀ | ၄၇၀၀ | ၈၅ | ၃၉၅၀၀၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၄၃၄၃ | ၇၃၈၆၂၅၀ |

# အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာဂေါက်သီးရိုက်အသင်း၏ အသင်းပိုင် Club House စားသောက်ဆိုင်အား ငှားရမ်းဖွင့်လှစ်လုပ်ကိုင်လိုသူတိုင်းရင်းသားလုပ်ငန်းရှင်များထံမှ အိတ်ပိတ်တင်ဒါစနစ်ဖြင့် အဆိုပြုလွှာရှင်များအားဖိတ်ခေါ်အပ်ပါသည်။

၂။ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် အသေးစိတ်အချက်အလက်များပါသော ပုံစံနှင့် စည်းကမ်းချက်များကို တစ်စောင်လျှင် ကျပ် ၃၀၀၀၀/-နှုန်းဖြင့် မြန်မာဂေါက်သီးရိုက်အသင်းရုံးတွင်၂၀-၂-၂၀၂၄ ရက်နေ့မှစ၍ ၅-၃-၂၀၂၄ ရက် ညနေ ၃ နာရီတိတိ နောက်ဆုံးထားပြီး ရောင်းချမည်ဖြစ်ပါသည်။

၃။ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် အိတ်ပိတ်တင်ဒါ အာမခံကြေးကျပ်သိန်း ၅၀ နှင့် မိမိတို့ရောင်းချမည့် Menu ကိုဈေးနှုန်းဖေါ်ပြပုံနှင့်တကွ မြန်မာဂေါက်သီးရိုက်အသင်းသို့ ၅-၃-၂၀၂၄ ရက် ညနေ ၃ နာရီတိတိ နောက်ဆုံးထား၍ ပေးသွင်းရမည်ဖြစ်ပြီး တင်ဒါမအောင်မြင်ပါက အာမခံကြေး အား(၁)လအတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၆၉၁၈၁၈၈၉၈၊ ၀၉-၄၂၀၁၆၁၉၄၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၃)၊ အမှတ် (၁၀) ရပ်ကွက်၊ ချောင်းဦးလမ်း၊ မြေကွက်အမှတ် (၂၂၆/က)၊ မြေအကျယ် ပေ (၂၀ x ၆၀)၊ (ဦးထွန်းအေး အမည်ပေါက် မြေချပါမစ်)ရှိ မြေကွက်နှင့် နေအိမ်(ရေမီးစုံ)ပါ အကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့်စာချုပ်များဖြင့် တရားဝင်ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်သဇင် (၁၂/ရကန(နိုင်)၀၄၂၄၁၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာထွန်း (၁၄/မမန(နိုင်)၂၁၇၉၀၀)က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သီတာထွန်း** | **ဒေါ်ညိုမာထွေး (စဉ်-၁၄၆၇၂)** |
| **(၁၄/မမန(နိုင်)၂၁၇၉၀၀)** | **တရားလွှတ်တော်ရှေ့နေ (LL.B)** |
| | **အမှတ် (၇၉/ခ)၊ ခရေလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။** |
| | **ဖုန်း-၀၉-၄၂၀၂၉၄၀၀၄** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၁၁၂/က)၊ (ဖလွှာ/ခြေရင်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးသန့်ဇင် ၁၂/သကတ(နိုင်) ၁၆၄၉၇၀ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်မျိုးပပဇော် ၁၂/သကတ(နိုင်)၁၆၈၁၆၃၊ ဦးသန့်ဇင်ဦး ၁၄/မမက(နိုင်)၁၈၂၅၂၆ တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ အလင်းရောင်(၄)လမ်း၊ အမှတ်(၅၁၄)၊ (၄လွှာ-ခြေရင်း) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်လွင်လွင်မော် ၇/တငန(နိုင်) ၁၂၇၅၁၆ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးမြတ်သူအောင် ၁၂/ဒဂမ(နိုင်)၀၃၂၈၇၆၊ ဒေါ်အင်ကြင်းအောင် ၁၂/အစန(နိုင်)၂၂၄၃၈၆ တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၁၁၂၀)၊ မြေဧရိယာ (၀.၁၄၆) ဧကရှိ ဦးရဲညွှန့် (ဘ) ဦးအောင်ညွှန့် ၁၃/တကန(နိုင်)၀၄၄၄၃၈ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးရဲညွှန့်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာ အမှတ် (၄၃၆၀/၂၀၂၃)၊ (၂၃-၁၁-၂၀၂၃)ရရှိထားသူ ဦးပြည့်စုံဦး (ဘ)ဦးမြင့်ဦး ၁၂/မရက(နိုင်)၁၃၃၁၄၂ မှ ဦးဝဏ္ဏဦး (ဘ) ဦးမြင့်ဦး ၁၂/မရက(နိုင်)၁၃၆၇၅၂ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 63W/45066, Haojue 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စိုး ၁၄/ဟသတ(နိုင်)၂၀၆၀၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W-72241, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/40960, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လို အပ်သောအောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့်စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| **စဉ်** | **ပစ္စည်းအမျိုးအမည်** | **အရေအတွက်** |
|---|---|---|
| (က) | Sodium Hypochlorite (NaOCl)Solution | 350 $m^3$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၂-၂ -၂၀၂၄ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၈-၂-၂၀၂၄ ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ ပထမထပ်၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၆

| | | |
|---|---|---|
| ဒေါ်နန်းမိုခမ်း | **နှင့်** | ဦးဝင်းနိုင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ဦးပိုင်အမှတ် (၆-က/၁၂၅)၊ ကန်တော်လေးရပ်နေ ဦးဝင်းနိုင်(ယခုနေရပ်လိပ်စာမသိရှိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းမိုခမ်းက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၈ ရက်(၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက် ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မွန်ရည်သျှန်)
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ CAI HONG CO.,LTD. ကုမ္ပဏီမှတ်ပုံတင်အမှတ် (104192653) (5-1-2018)သည် ပြည်ပမှ တင်သွင်းထားသော ပစ္စည်းများ၏ Import Declaration (သွင်းကုန်ကြေညာလွှာ)များ ပျောက်ဆုံးသွားပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ အထက(ခွဲ) ကျောက်ဆည်ကျောင်း Grade-11မှ မဇူးဇူးထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး ၈/အလန(နိုင်)၁၀၅၆၈၅ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်မိုး**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ တွန်ပလွန်အုပ်စု၊ တွန်ပလွန်ကျေးရွာမှ အထက(သလပ်ခွဲ) Grade-9မှ မမျိုးသီရိဟန်၏ ဖခင် ဦးဇင်ဝိုင်းစိုး၏ အမည်မှန်မှာ ဦးမြတ်စိုးထွန်း ၁၄/ပသန(နိုင်) ၂၂၂၄၅၈ ဖြစ်ပါကြောင်း။

**ဦးမြတ်စိုးထွန်း**

## ကန့်ကွက်နိုင်ပါရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၄)၊ ဦးပိုင်အမှတ်(၉၄/၁)၊ ဧရိယာ(၂၀ x ၇၀)ပေ အကျယ်အဝန်းရှိ မြေကွက်အား လက်ရှိထားပိုင်ဆိုင်သူ ဦးမောင်လွင် ၉/ကပတ(နိုင်)၁၇၆၆၈၄၊ ဒေါ်စုလှိုင်နွယ် ၉/မခန(နိုင်)၀၂၇၇၀၄ တို့က ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၆၃ လမ်း၊ ၁၄ x ၁၅ လမ်းကြားနေ ဒေါက်တာမောင်ဆွေ ၉/မတရ(နိုင်) ၁၁၁၀၁၂ မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကြေညာသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၁၁)**
**၆၃ x ၆၄ လမ်းကြား၊ ၃၂ x ၃၃ လမ်းကြား၊ မြရတနာလမ်းသွယ်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၇၉၇၂၀၈၇၃၅**

## တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်လီမိတက်
## ဧရာဝတီတိုင်းဒေသကြီး
## ပုသိမ်မြို့
## လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်လီမိတက်ပိုင်ဆိုင်သော အောက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံများအား မျက်မြင်မြေပြင်ရှိအနေအထားအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) ဧရာဝတီတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ပိုင် လပွတ္တာမြို့နယ် လမ်းမတော်လမ်းနှင့် ကမ်းနားလမ်းထောင့် (အလျား၃၇' x အနံ ၄၆' x အမြင့် ၅၅') အုတ်ခင်းအုတ်ကာသွပ်မိုး (၄ထပ် ၅လွှာ) အဆောက်အအုံ

| | | |
|---|---|---|
| ၂။ | **လေလံလျှောက်လွှာရောင်းချမည့်ရက်** - | ၂၃-၂-၂၀၂၄ ရက်မှ ၂၉-၂-၂၀၂၄ရက် |
| | **လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** - | ၂၉-၂-၂၀၂၄ ရက်နေ့ (၁၆:၀၀)နာရီ |
| | **လေလံလျှောက်လွှာရောင်းချမည့်နေရာ** - | ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ရွှေစေတီလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ပုသိမ်မြို့ |

၃။ အာမခံစပေါ်ငွေအဖြစ်သက်ဆိုင်ရာလေလံအဖွဲ့မှ သတ်မှတ်သော ပမာဏကို လေလံတင်ထုခွဲရောင်းချရေးအဖွဲ့(သို့)သက်ဆိုင်ရာ သမဝါယမအသင်း၏ Bank Account ပေးသွင်းစေပြီး (လေလံမဖွင့်ခင်တစ်ရက်အလို) လေလံလျှောက်လွှာပိတ်သိမ်းသည့် (၁၆:၀၀)နာရီ နောက်ဆုံးထား၍ ယင်းအထောက်အထားမူရင်းအား သက်ဆိုင်ရာ လေလံတင်ထုခွဲရောင်းချရေးအဖွဲ့/အသင်းအမှုဆောင်အဖွဲ့ထံ သီးခြားအပ်နှံစေရန်နှင့် အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက် အထားမူရင်းအပ်နှံသူသာ လေလံပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

၄။ အိတ်ဖွင့်လေလံဈေးနှုန်းတင်သွင်းလွှာ လျှောက်လွှာများကို အာမခံစပေါ်ငွေ ပေးသွင်းထားသည့် အထောက်အထားမိတ္တူနှင့်အတူ လေလံလျှောက်လွှာပိတ်သိမ်းသည့်(၂၉-၂-၂၀၂၄)ရက်နေ့ (၁၆:၀၀)နာရီ နောက်ဆုံးထား၍ လေလံပုံးအတွင်းသို့ထည့်သွင်းရမည်။ လေလံလျှောက်လွှာပိတ်သိမ်းပြီးသည့် နောက်နေ့ (၁-၃-၂၀၂၄)ရက်(၁၀:၀၀)နာရီတွင် အိတ်ဖွင့်လေလံဖွင့်လှစ်ရောင်းချခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်- ဖုန်း-၀၉-၅၂၀၁၄၁၉၊ ၀၉-၈၅၅၀၅၈၇၊ ၀၉-၅၂၀၂၁၇၉၊ ၀၉-၄၂၂၄၇၇၆၀၄၊ ၀၉-၄၂၂၅၄၅၈၇၄

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နုနုဝင်း(ဘ) ဦးသိန်းဝင်း ၁၂/အစန(နိုင်) ၁၈၁၅၆၀၏ Passport MC 047174 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၁၅၁၉၁၇**

## ဖခင်အမည်မှန်

ဘိုကလေးမြို့နယ်၊ ငါးပြေမကျေးရွာအုပ်စု၊ ကဇောင်းမကျေးရွာနေ ကမကလူ (အထက) Grade-11မှ မသန္တာမင်းဦး၏ ဖခင်အမည်မှန်မှာ ဦးမိုးမင်းအောင် ၁၄/ဘကလ(နိုင်) ၂၁၆၀၅၈ ဖြစ်ပါကြောင်း။

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ အမှတ် (၂)၊ အခြေခံပညာ မူလတန်းလွန်ကျောင်း Grade-2 မှ (ဘ)ဦးမြင့်နိုင် (၈/ပဖန(နိုင်)၀၇၃၂၃၇)၏ သားမောင်အောင်မင်းခန့်၏ အမည်မှန်မှာ မောင်မြင့်မြတ်ဖြစ်ပါကြောင်း။

**မောင်မြင့်မြတ်**

## မိဘအမည်မှန်

အထက(ခွဲ) အလက ကလောမြို့ Grade-9မှ မနှင်းချယ်ရီဘို(ခ) မနှင်းပွင့်ချယ်ရီမောင်၏ မိဘအမည်မှန်မှာ ဦးဇော်ဌေးမောင် (ခ)ဦးဌေးမောင်-(ဒေါ်ရီရီရွှေ) ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်အပိုင်း(၁၁)၊ ဦးပိုင်အမှတ်(၂၂)၊ ၆၈လမ်း၊ ၄၂ x ၄၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတိုးမြင့်၏ (SP ရရှိသူ ဒေါ်စန်းစန်းမြင့်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၄၂၈၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မီမီခိုင်ဇော် ၇/ပခန(နိုင်)၃၇၁၉၉၁က အမှုတွဲအမှတ် ၇၂၇၆/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာအတွင်းရှိ အလျား ၃၉ ပေ၊ အနံ ၁၅ ပေ ကျယ်ဝန်းသော မြေကွက်အား ၁၄-၁-၂၀၁၅ ရက်တွင် ရောင်းချသူ ဒေါ်သန်းသန်းမိုးမှ ဝယ်ယူသူ ဦးစိုးဝင်းအား နှစ်ဦးသဘောတူ အရောင်း အဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သော စာချုပ်မူရင်းသည် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါကြောင်းနှင့် အကယ်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးကျော်ထွေး(ဘ)ဦးသန်းမောင်** | **ဒေါ်လှလှ (LLB. LLM) စဉ်-၁၂၅၆၅** |
| **၉/အမဇ(နိုင်)၀၇၅၉၃၃** | **တရားလွှတ်တော်ရှေ့နေ** |
| | **အကွက် (၁၂၁)၊ မြောက်ပုလင်းဝင်း** |
| | **အောင်မြေသာစံမြို့နယ်၊** |
| | **မန္တလေးမြို့။** |
| | **ဖုန်း-၀၉-၇၆၅၇၅၈၈၈၅** |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ပန်းတနော်မြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂

ဦးဟန်ဝင်းအောင် နှင့် ၁။ ဦးသက်နိုင်
၂။ ဒေါ်စန်းထွေး

**တရားလို** **တရားပြိုင်များ**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့၊ အင်းမအုပ်စု၊ အင်းမ ရွာကြီးဘက်ကမ်းကျေးရွာနေ (၁)တရားပြိုင် ဦးသက်နိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ပန်းတနော်မြို့၊ အင်းမအုပ်စု၊ အင်းမကျေးရွာနေ ဦးဟန်ဝင်းအောင်က ငွေ( ၁၀၀၀၀၀၀၀ိ/–) ကျပ်ပြန်လည်ရလိုမှုစရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်ပေးပါရန် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့်လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ရွှယ်ဆိုင်းနူး )**
**မြို့နယ်တရားသူကြီး**
**ပန်းတနော်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ City Villas PhaseX ရှိ CV–(141) နှင့် ၎င်းမြေနှင့်အိမ်တို့နှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ခင်မေထွေး ၁၂/စခန(နိုင်)၀၅၈၈၀၄ နှင့် ဒေါ်ခင်မိုးဆင့် ၁၂/သလန(နိုင်)၀၀၁၆၈၆၊ ဒေါ်စိန်စိန် ၁၂/ထတပ(နိုင်)၀၅၃၇၆၉ နှင့် ဒေါ်နှင်းမိုးအေး ၁၂/တမန(နိုင်)၁၁၀၈၅၃ တို့ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်သည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်လင်း၊ ဒေါ်ရီရီဌေး**
**ဖုန်း–၀၉–၅၁၃၂၄၈၆၊ ၀၉–၅၀၆၄၄၀၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဂဂ–၁၊ ဦးပိုင်အမှတ်(၃၄)၊ ၅၉ လမ်း၊ ၁၀၃ x ၁၀၄ လမ်းကြားရှိ ဂရန် မြေကွက် အမည်ပေါက်သူ ဒေါ်ကျန်ရှင်းဟွယ်၏ (SP ရရှိသူ ဒေါ်ရွှေရီ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၄၅၃/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်မောင်ဦး ၁/မကတ(နိုင်)၀၆၀၈၃၂ က အမှုတွဲအမှတ် ၇၃၂၉/၂၀၂၃–၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ကက–၆၊ ဦးပိုင်အမှတ်(၄၀)၊ ၅၃ x ၅၄ လမ်း၊ သိပ္ပံ x A လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးနေမျိုးညွန့်၏ (SP ရရှိသူ ဒေါ်လဘန်ဘောက်လိုင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၇၁၈/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ယဉ်ယဉ်ဌေး ၁၃/လရန(နိုင်)၁၃၂၅၇၄ က အမှုတွဲအမှတ် ၇၃၃၂/၂၀၂၃–၂၀၂၄ ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/62761 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်ဝေဖြိုး ၅/မလန(နိုင်)၀၄၂၆၆၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/79401 Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၉/မဟမ(နိုင်)၀၀၆၀၄၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ဈေး၊ Wet–Market ရုံအမှတ်(A)၊ ဆိုင်ခန်းအမှတ်(၁၁)အား နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ဇေယျာသီရိ စုပေါင်းရုံးဝင်းနေ ဦးစည်သူလှိုင် ၇/ဝမန(နိုင်)၀၇၈၅၁၈ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ စံပယ်လမ်း၊ ရွှေကြာပင်ရပ်ကွက်၊ အမှတ်(၆၆)နေ ဦးကျော်ဦး ၇/ပတန(နိုင်)၀၈၇၅၃၇ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့် ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်ကြီးလှသိန်း (ကိုယ်ပိုင်အမှတ်–၄၈၁၆၁၀) မှတ်ပုံတင်အမှတ် ၁၂/ဒဂန(နိုင်)၀၀၄၈၉၆ (ဘ) ဦးစောလှဖြူ အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၃၃၉၃ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ဌေးဌေးကြွယ် ၁၂/ဒဂန(နိုင်)၀၂၂၀၄၁ (ဘ) ဦးဂျော်ဂျီမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်ကြီးလှသိန်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံ ပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ ရွှေချီ၊ ဦးပိုင်အမှတ်(၄၁ᵃ)၊ ဧရိယာ ၀ ဒသမ ၀၂၀ ဧကရှိ ဘိုးဘပိုင် မြေကွက်အား အမည်ပေါက် ဦးနောင်နောင် ၉/ပမန (နိုင်)၁၇၃၃၁၈ မှ ဘိုးဘပိုင် မြေအမည်ပေါက်ပြောင်းလဲသတ်မှတ်ပေးခြင်းစာအမှတ် ၀၂၇/၁၈–၁/နပတ (မြို့/မြေ)၊ စွန့်လွှတ်စာချုပ်အမှတ်(၄၈/၂၀၁၇)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးရှိန်းထက်နောင် ၉/ပမန(နိုင်)၂၅၉၉၈၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင် ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

